မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၁၆ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၉၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မဟာသင်္ကြန် အကြတ်နေ့တွင် နိုင်ငံတစ်ဝန်းလုံး၌ အတာသင်္ကြန်ရေသဘင်ပွဲများ ကြည်နူးပျော်ရွှင်စွာ ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၅

ယနေ့သည် ၁၃၇၁ခုနှစ် မဟာသင်္ကြန်အကြတ်နေ့ ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး၌ အတာရေသဘင်ပွဲကို အေးချမ်းပျော်ရွှင် ကြည်နူးစွာ ဆင်နွှဲလျက်ရှိသည်။ နွေကာလ နေ၏အပူရှိန်အောက်တွင် အတာသင်္ကြန် မေတ္တာရေစင်ကြောင့် အတာရေသဘင်ပွဲ ဆင်နွှဲကြသူတိုင်း လန်းဆန်းရွှင်ကြည်လျက်ရှိသည်။ တစ်နှစ်တွင်တစ်ကြိမ်သာ ရေကစားခွင့်ကြုံသဖြင့် အုပ်စုအလိုက်၊ မိသားစုအလိုက် ရေပက်ခံထွက်ကြသူများမှာ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်၍လည်းကောင်း မမောနိုင် မပန်းနိုင်အောင် ရေကစားလျက်ရှိကြသည်။ နံနက်လင်းသည်မှစ၍ ရေကစားကြပြီး နေရင့်ချိန်တွင် အပန်းဖြေရာ အပန်းဖြေစခန်းများ၊ ဥယျာဉ်ပန်းခြံများနှင့် တောရိပ်တောင်ရိပ်တို့၌ အေးရိပ်ခိုနားကြကာ နေစောင်းချိန်တွင် တစ်ဖန်ထွက်၍ ရေကစားကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ✻

ရေပက်သူများ၊ ရေပက်ခံ မော်တော်ယာဉ်များဖြင့် စည်ကား

မဟာသင်္ကြန်အကြတ်နေ့က နေပြည်တော်ဟိုတယ်ဇုန်ရှိ ရတနာသိဃ်ဟိုတယ် ရေသဘင်မဏ္ဍပ်တွင် ရေပက်သူများ၊ ရေပက်ခံ မော်တော်ယာဉ်များဖြင့် ဤသို့ စည်ကားလျက်ရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့်မိသားစုများ နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ တပျော်တပါး ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများသည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့ ဦးဆောင်လျက် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်မိသားစု မဟာသင်္ကြန်ရေကစားမဏ္ဍပ်၊ မက်(စ်)မြန်မာကုမ္ပဏီလီမိတက် မိသားစုမဟာသင်္ကြန် ရေကစားမဏ္ဍပ်၊ ရွှေမြန်မာ မိသားစုမဟာသင်္ကြန်ရေကစားမဏ္ဍပ်၊ မြတ်တော်ဝင် မိသားစု မဟာသင်္ကြန်ရေကစားမဏ္ဍပ်နှင့် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်တို့သို့ လှည့်လည်၍ နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်၌ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

တပျော်တပါး ရေကစား

မဟာသင်္ကြန်အကြတ်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများ နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရာဟိုတယ် ရေကစားမဏ္ဍပ်တွင် တပျော်တပါး ရေကစားကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဧပြီ ၁၆ ရက်)

ရာသီဥတုအခြေအနေများ နေ့ညမပြတ် လေ့လာစောင့်ကြည့် သတင်းများထုတ်ပြန်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပြုမူလိုက်နာဆောင်ရွက်

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် ကမ္ဘာတစ်ဝန်းရှိ သိပ္ပံဆိုင်ရာအဖွဲ့အစည်းများသည် ကမ္ဘာသူ ကမ္ဘာသားတို့ ဘေးကင်းလုံခြုံမှု၊ သက်သောင့်သက်သာရှိစေမှုအတွက် မိုးလေဝသနှင့်သက်ဆိုင်သော လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်သူ့အကျိုးပြု မိုးလေဝသလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မိုးလေဝသ အခြေအနေများကို နေ့ညမပြတ် အချိန်ပြည့်လေ့လာစောင့်ကြည့်လျက် နေ့စဉ်မိုးလေဝသခန့်မှန်းချက်များ၊ ရက်လတ်၊ ရက်ရှည် မိုးလေဝသခန့်မှန်းချက်များ၊ မြစ်ရေသတိပေးချက်၊ ထူးကဲဒီရေအပါအဝင် လေကြောင်း၊ ရေကြောင်းသွားလာရေးအတွက် မိုးလေဝသခန့်မှန်းချက်များ၊ သတင်းမီဒီယာ မိုးလေဝသလုပ်ငန်းများ၊ ကြိုတင်သတိပေးချက်များနှင့် သတင်းများကို အချိန်မီထုတ်ပြန်၍ နိုင်ငံတော်နှင့် ပြည်သူများအတွက် အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးလျက်ရှိသည်။

အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသော သတင်းဆက်သွယ်ရေးနည်းပညာခေတ်တွင် မိုးလေဝသ ခန့်မှန်းခြင်းလုပ်ငန်းများသည် ပြောင်းလဲလျက်ရှိရာ လုပ်ငန်းစွမ်းရည်တိုးတက်မြင့်မားစေရေး ခေတ်မီနည်းပညာများ၊ ကိရိယာများ ပိုမိုအသုံးချရန် လိုအပ်လျက်ရှိသည်။

မိုးလေဝသ သတင်းများကို နေ့စဉ်ထုတ်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးလျက်ရှိရာ ပြည်သူများ လေ့လာစောင့်ကြည့် ဂရုပြုလိုက်နာကြရမည်ဖြစ်သည်။

နေ့စဉ် မိုးလေဝသခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ မီဒီယာနည်းလမ်းများဖြင့် ရေးသားထုတ်လွှင့်ဖော်ပြလျက်ရှိရာ ကောလာဟလသတင်းများနှင့် သံသယဖြစ်ဖွယ် မိုးလေဝသသတင်းများကို ပြည်သူများအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းကာ အတည်ပြုချက်ရယူ သိရှိလိုက်နာ ဆောင်ရွက်သွားသင့်ကြပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၄-၂၀၁၀
(သောကြာနေ့)
(မဟာသင်္ကြန်အတက်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂဇေယမင်္ဂလံ (ယဉ်ဝေထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၅ ၅။ ခါသင်္ကြန်အဆိုအကများ
၈:၁၅ ၆။ ခါသင်္ကြန်အဆိုအကများ
၈:၄၀ ၇။ International News
၈:၄၅ ၈။ ခါသင်္ကြန်အဆိုအကများ
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
၄:၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၆။ ခါသင်္ကြန်အဆိုအကများ
၅:၁၅ ၇။ တေးဂီတအစီအစဉ်
၅:၃၀ ၈။ ခါသင်္ကြန်အဆိုအကများ
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ခါသင်္ကြန်အဆိုအကများ
၆:၄၀ ၁၂။ ရန်အောင်နှင့် ချစ်သောသင်္ကြန်
၇:၀၅ ၁၃။ ခါသင်္ကြန်အဆိုအကများ
၇:၃၀ ၁၄။ ခါသင်္ကြန်အဆိုအကများ
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **မာယာတံတိုင်း** (အပိုင်း-၂) ဒွေး၊ ညိုမင်းလွင်၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ချမ်းသာကြည်စိုး)
၁၉။ **သီချင်းချစ်သူ** (နေရဲမာန်) (အပိုင်း-၂)
၂၀။ အစီအစဉ်ပြီး၏။

Bayint Naung Automobile Service
ယာဉ်ပြင်ဆင်ရေး အလုပ်ရုံဖွင့်လှစ်

ရန်ကုန် ဧပြီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် ရွှေတောင်တန်းကုမ္ပဏီတို့ ပူးပေါင်းဖွင့်လှစ်သော Bayint Naung Automobile Service ယာဉ်ပြင်ဆင်ရေးအလုပ်ရုံ (Work Shop) ဖွင့်လှစ်ခြင်းအခမ်းအနားကို ဧပြီ ၁၁ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းနှင့် အောက်မင်္ဂလာဒုံလမ်းဆုံရှိ G. T. I ဝင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မန်နေဂျင်း ဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်း၊ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)နှင့် ဒါရိုက်တာများ၊ ရွှေတောင်တန်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတင်ဦးနှင့် ဝန်ထမ်းများ၊ အင်းစိန်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ယာဉ်ပြင်ဆင်ရေးအလုပ်ရုံ ရှေ့မျက်နှာစာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်း ဒါရိုက်တာ၊ ဒုတိယမန်နေဂျင်းဒါရိုက်တာနှင့် ရွှေတောင်တန်းကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို အလုပ်ရုံခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာက ယာဉ်ပြင်ဆင်ရေးအလုပ်ရုံ (Work Shop) ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရွှေတောင်တန်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက Work Shop တည်ဆောက်မှုအခြေအနေများ၊ စက်ပစ္စည်းများ တပ်ဆင်ထားမှုနှင့် ယာဉ်ကြီး၊ ယာဉ်ငယ်များ ပြင်ဆင်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပြင်ဆင်နိုင်

Bayint Naung Automobile Service တွင် ခေတ်မီအဆင့်မြင့် Japan နိုင်ငံနှင့် Italy နိုင်ငံတို့မှ ယာဉ်ပြင်ဆင်ရေး စက်ကိရိယာများကို တပ်ဆင်ထားပြီး one stop service တစ်နေရာတည်း၌ ယာဉ်တစ်စီးလုံး အသေးစားနှင့် အကြီးစား ပြင်ဆင်နိုင်သည်။ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ယာဉ်များအပြင် ဌာနဆိုင်ရာ ယာဉ်များ၊ ပြင်ပပုဂ္ဂလိကယာဉ်ကြီး၊ ယာဉ်ငယ်များကို စိတ်တိုင်းကျ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပစ္စည်းစုံ/ဆယ်တင်ယာဉ်ဖြင့် Mobile Service အဖြစ် ယာဉ်ပျက်သည့်နေရာအထိ လိုက်လံပြင်ဆင်ပေးမည့် ဝန်ဆောင်မှုကိုပါ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း-၀၉-၈၆၁၂၂၀၁၊ ၀၉-၅၁၄၅၈၄၅ နှင့် ၀၉-၈၀၃၁၀၆၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ကုသိုလ်ကောင်းမှု ထပ်ခါပြု** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၂)
၈:၃၀ Sports World
၈:၅၅ ၂၀၁၀ သင်္ကြန်အကြတ်နေ့မြင်ကွင်း
၉:၁၀ ခါသင်္ကြန် အဆိုအက
၉:၂၅ သာသနာ့အောင်ပွဲ ခြိမ့်ခြိမ့်သဲ
၉:၃၅ Movie Talk မြန်မာသင်္ကြန် ရုပ်ရှင်ကားများသမိုင်း (အပိုင်း-၂)
၁၀:၂၀ တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
၁၀:၅၅ စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
၁၁:၀၅ သန့်ရှင်းကျန်းမာသော... အာဟာရပြည့်မှုများနှင့်အတူ
၁၁:၂၅ VJ Choice
၁၁:၅၅ **နတ်လူသာမုခေါ်စေသောဝ်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
၁၂:၂၀ ခါသင်္ကြန် အဆိုအက
၁:၀၀ **ကုသိုလ်ကောင်းမှု ထပ်ခါပြု** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (တေးသံရှင် ကဗျာဘွဲ့မှူးနှင့် တွေ့ဆုံခြင်း)
၃:၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၂)
၄:၁၀ ခါသင်္ကြန် အဆိုအက
၄:၃၀ အကြားအာရုံ၏ အားကိုးရာ
၄:၅၀ သာသနာ့အောင်ပွဲ ခြိမ့်ခြိမ့်သဲ
၅:၀၅ World of Knowledge (Waking the Baby Mammoth)
၆:၀၀ MRTV-4 သတင်း
၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ့ရိုးရာသင်္ကြန်အက အလှပြိုင်ပွဲ)
၆:၃၅ ဖက်ရှင်လမ်းညွှန် သူတို့ပြောတဲ့ သင်္ကြန်ဖက်ရှင်
၆:၅၅ FMF Selection
၇:၂၅ ရန်ကုန်မြင်ကွင်းကျယ် (GETC Training Centre ၏ Traditional Costume and Food Party)
၇:၄၀ ၂၀၁၀ သင်္ကြန်အတက်နေ့မြင်ကွင်း
၈:၀၀ MRTV-4 သတင်း
၈:၄၀ VJ Choice
၉:၀၅ သူတို့ပြောတဲ့သူတို့အကြောင်း (တေးသံရှင် ကဗျာဘွဲ့မှူးနှင့် တွေ့ဆုံခြင်း)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၂)
၁၀:၀၀ ခါသင်္ကြန် အဆိုအက
၁၀:၁၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ့ရိုးရာသင်္ကြန်အက အလှပြိုင်ပွဲ)
၁၀:၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၃၅ ရန်ကုန်မြင်ကွင်းကျယ် (GETC Training Centre ၏ Traditional Costume and Food Party)
၁၀:၅၀ စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
၁၁:၀၅ လေ့လာမြတ်နိုး ထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁၁:၃၀ စီးပွားဖြစ် သစ်ခွစိုက်ကြရအောင်
၁၁:၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဧပြီ ၁၄ရက်က သင်္ကြန်မအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်(ရန်ကုန်)ကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ယာဉ်မောင်းသင်ကွင်းအတွင်း၌ ကျင်းပရာ ပါဝင်ကပြ ဖျော်ဖြေပေးသော ယိမ်းအဖွဲ့များအား ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်စောခင်တင့်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

16-4 (02).pmd 1 4/16/2010, 2:08 AM

မဟာသင်္ကြန်အကြတ်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ယိမ်းအကအဖွဲ့များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ကြိုဆို

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်ဇနီး ဦးဆောင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် ၎င်းတို့၏ဇနီးများ၊ မိသားစုများသည် နံနက် ၉နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်မိသားစု မဟာသင်္ကြန် ရေကစားမဏ္ဍပ်သို့ ရောက်ရှိလာကြရာ IGE ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများက ကြိုဆိုကြသည်။

ထို့နောက် သံတမန်မိသားစုများအား ဝန်ကြီးဌာနယိမ်းအကအဖွဲ့များ၊ အမရာ ဟိုတယ် ယိမ်းအကအဖွဲ့နှင့် အနုပညာရှင်များက သင်္ကြန်တေးသီချင်း အဆို၊ အက များဖြင့် ဖျော်ဖြေကြပြီး သံတမန်မိသားစု များကလည်း ပါဝင်ဆင်နွှဲကြကာ ဟိုတယ် မိသားစုများနှင့်အတူ ပျော်ရွှင်စွာ ရေကစား ကြသည်။

ပါဝင်ဆင်နွှဲ

ထိုမှတစ်ဆင့် သံတမန်မိသားစုများ သည် မက်(စ်)မြန်မာကုမ္ပဏီလီမိတက် မိသားစုမဟာသင်္ကြန်ရေကစားမဏ္ဍပ်သို့ ရောက်ရှိကြရာ မက်(စ်)မြန်မာကုမ္ပဏီ ယိမ်းအကအဖွဲ့၊ ဝန်ကြီးဌာန ယိမ်းအက အဖွဲ့များနှင့် အနုပညာရှင်များက သင်္ကြန် တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေ ကြပြီး သံတမန်မိသားစုများကလည်း ပါဝင်ဆင်နွှဲကြကာ ပျော်ရွှင်စွာ ရေကစား ကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ သံတမန်မိသားစုများ သည် ရွှေမြန်မာဟိုတယ် မိသားစု မဟာ သင်္ကြန် ရေကစားမဏ္ဍပ်နှင့် မြတ်တော်ဝင် မိသားစု မဟာသင်္ကြန်ရေကစားမဏ္ဍပ် တို့သို့ သွားရောက်ကြပြီး ဟိုတယ်မိသားစု ယိမ်းအကအဖွဲ့များ၊ ဝန်ကြီးဌာန ယိမ်းအက အဖွဲ့များနှင့် အနုပညာရှင်များ၏ သင်္ကြန် တေးသီချင်း အဆို၊ အကများကို ကြည့်ရှု အားပေးကြကာ မိသားစုများနှင့်အတူ ပါဝင် ဆင်နွှဲကြပြီး ပျော်ရွှင်စွာ ရေကစားကြ သည်။

ဖျော်ဖြေ

ထို့နောက် ဝန်ကြီး ဦးညဏ်ဝင်းနှင့်ဇနီး ဦးဆောင်သော သံတမန်မိသားစုများသည် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်သို့ ရောက်ရှိလာကြရာ နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်နှင့် တာဝန် ရှိသူများက ကြိုဆိုကြပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ ယိမ်းအက အဖွဲ့၊ ဝန်ကြီးဌာန ယိမ်းအကအဖွဲ့များ၊ ဟိုတယ်များမှ ယိမ်းအကအဖွဲ့များနှင့် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များက သင်္ကြန် တေးသီချင်း အဆို၊ အကများ၊ ယိမ်းအက များဖြင့် ဖျော်ဖြေကြသည်။

ဆင်နွှဲ

ယင်းနောက် သံတမန်မိသားစုများ သည် ဝန်ကြီးနှင့်ဇနီး၊ မြို့တော်ဝန်နှင့်ဇနီး နှင့် တာဝန်ရှိသူများနှင့်အတူ ရေကစား မဏ္ဍပ်ရှေ့၌ အမှတ်တရ ဓာတ်ပုံရိုက်ကြ ပြီး ပျော်ရွှင်စွာ အတာသင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲကြသည်။

ပျော်ရွှင်မြူးထူး

ဆက်လက်၍ သံတမန်မိသားစုများ သည် ယိမ်းအကအဖွဲ့များနှင့်အတူ မန်းတောင် ရိပ်ခိုသီချင်းကို အဆို၊ အကများဖြင့် ပျော်ရွှင် မြူးထူးစွာ ပါဝင်ဆင်နွှဲကြသည်။

ညှော်ခံ

ထို့နောက် မြို့တော်ဝန်နှင့်ဇနီးတို့က သံတမန်မိသားစုများအား နေပြည်တော် မြို့တော်ခန်းမ ပထမထပ်ရှိ မင်္ဂလာခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ပျော်ရွှင်စွာဆင်နွှဲ

မဟာသင်္ကြန်အကြတ်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများ နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေမြန်မာဟိုတယ်မိသားစု မဟာသင်္ကြန် ရေကစား မဏ္ဍပ်တွင် ယိမ်းအကအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။(သတင်းစဉ်)

နှစ်သစ်ဦး သည်ချိန်ခါ

* ဖြစ်ထွေထူးပါဘိ
နှစ်သစ်ဦး သည်ချိန်ခါ။
စို့ဖူးတံ မြရောင်မှုန်း
တောလုံးဝေဆာ။
ငှက်ကျေးသံ ချိုလွင်လွင်နဲ့
သည်ဝန်းကျင် သည်တစ်ဝိုက်မှာဖြင့်
လိုက်ဖက်လှ ညီတညာ
သည်ပြည်ရွာ သာပုံခင်း။
မွှေးနံ့သာ ဖြန့်ကြက်မိုးပါလို့
ပြိုးပြိုးပြက် ရွှေရောင်သန်း
ပန်းပိတောက်မင်း။

* ဗျိုးဟစ်လို့ အလှူပေး
ငြိမ်းအေးတဲ့ သည်ရပ်မြေ။
ဖြူသဒ္ဒါ ရောင်စဉ်တန်း
ပြုံးပန်းကိုခြွေ။
ရန်ပြေပျောက် မုန်မသွေ
သင်္ကြန်ရေ ပက်ကစား။
အဖိုးမှန်စွာ
မျိုးမြန်မာ ရိုးရာပွဲ
စွဲမက်ဖွယ်များ။

* ညီအစ်ကို မောင်နှမ
ရင်ထဲက ဆက်နွှယ်လာ
ဗီဇမှန် ရိုးသားစိတ်
ပြည့်သိပ်ထည်ဝါ။
သူတစ်ပြန် ကိုယ်တစ်လှည့်ရယ်နဲ့
ပြုံးလဲ့လဲ့ သွင်မူရာ
ခင်စရာ အလွန်ကောင်း။
ဓလေ့မှန်
မမေ့ဟန် လက်ဆင့်ကမ်း
ငြိမ်းချမ်းစေကြောင်း။ ။

သောင်းကိုကို

မင်္ဂလာဒုံမြို့နယ်၌ မြန်မာ့ရိုးရာရေသဘင်ပွဲတော်ဖွင့်

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာရေသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ရက် နံနက် ၇နာရီက အမှတ် (၃) လမ်းနှင့် ခရေပင်လမ်း ထောင့်၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ထွန်းနေလင်း၊ ဇေကမ္ဘာကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌ မဏိဇောတရေ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငြိမ်းထွေးနှင့် မြို့မိမြို့ဖများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (၁၃၅)

လှိုင်သာယာမြို့နယ် မဟာသင်္ကြန်ဆုပေးမဏ္ဍပ်ဖွင့်

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုဆုပေးမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ရက် ညနေ ၄နာရီခွဲက အဆိုပါ မဏ္ဍပ်၌ကျင်းပရာ ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်ခင်အောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြရာ ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ဝင်များနှင့် မဟာသင်္ကြန်ချစ်သူ ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ မန်းတောင်ရိပ်ခိုသီချင်းကို သံပြိုင်သီဆို၍ ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ကို ကြိုဆိုကြသည်။

(ဝ၉၇)

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့ရှိသူ - ထောင်(၁)နှစ်
၂။ ကစားသူ - ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

ရန်ကုန်မြို့တော်အတွင်း
ဟွန်းမတီးရ။
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မက္ကဆီကိုနိုင်ငံ မွန်တာရေး နိုင်ငံတကာလေဆိပ်အနီး၌ အေ-၃၀၀ ကုန်တင်လေယာဉ်ပျက်ကျခဲ့ပြီးနောက် အပျက်အစီးများကို ဧပြီ ၁၄ရက်က တွေ့ရစဉ်။ (ယင်းလေယာဉ်ပေါ်လိုက်ပါသွားသော လေယာဉ်အမှုထမ်းငါးဦးနှင့် လေယာဉ်မှူးတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။) (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာကြီးတည်ငြိမ်ပြီး ဘေးအန္တရာယ်မကင်းသေးသရွေ့ ပြင်သစ် နျူကလီးယားလက်နက် မစွန့်လွှတ်ဟုဆို

ဝါရှင်တန် ဧပြီ ၁၅

ပြင်သစ်နိုင်ငံက ၎င်း၏နျူကလီးယားလက်နက်ကို စွန့်လွှတ်ခြင်းမပြုရန် ငြင်းဆိုနေသည့် အချိန်မှာပင် အီရန်၏ နျူကလီးယား အစီအစဉ် ဆက်လက်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ အီရန်အားပြတ်ပြတ်သားသား အရေးယူပိတ်ပင်ရန် တိုက်တွန်းလိုက်ကြောင်း ဧပြီ ၁၄ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

မျက်မှောက်ကာလ အန္တရာယ်ကြီးမားသည့်ကမ္ဘာတွင် ပြင်သစ်နိုင်ငံက ၎င်း၏ နျူကလီးယားလက်နက်များကို စွန့်လွှတ်နိုင်မည်မဟုတ်ကြောင်း ဝါရှင်တန်မြို့၌ ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီက ဧပြီ ၁၄ရက်၌ ပြောကြားလိုက်သည်။

ကမ္ဘာကြီးမှာ တည်ငြိမ်ပြီး ဘေးအန္တရာယ်ကင်းသည့်နေရာအဖြစ် မိမိကိုအာမခံမပေးနိုင်လျှင် မိမိအနေဖြင့် နျူကလီးယားလက်နက်များကို စွန့်လွှတ်နိုင်မည်မဟုတ်သေးကြောင်း သမ္မတဆာကိုဇီက ပြောကြားသည်။

ပြောကြား

ပြင်သစ်နိုင်ငံကို နျူကလီးယားအင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ထူထောင်ရန် ပြင်သစ်သမ္မတအဆက်ဆက် ကြိုးပမ်းခဲ့သည့်ထုံးကို မိမိအမွေဆက်ခံထားကြောင်း၊

လိုအပ်

အီရန်နိုင်ငံအနေဖြင့် ယင်း၏ နျူကလီးယားအစီအစဉ်ရပ်ဆိုင်းသွားစေရေးအတွက် ထပ်မံပိတ်ပင်အရေးယူရန် လိုအပ်ကြောင်း၊ သည်းခံမှုတွင် အကန့်အသတ်ရှိကြောင်း၊

ပြင်သစ်သမ္မတဆာကိုဇီ

အကောင်းဆုံးမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ညီညီညွတ်ညွတ်ရှိရေးပင်ဖြစ်ကြောင်း ပြင်သစ်သမ္မတဆာကိုဇီက ပြောကြားလိုက်သည်။

(အင်တာနက်)

လက်နက်၌ ရေဒီယိုသတ္တိကြွဒြပ်စင်ပါဝင်မှု ဖယ်ထုတ်ရေး အမေရိကန်နှင့် ရုရှားသဘောတူညီ

ပေကျင်း ဧပြီ ၁၅

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျေလာဗို့တို့သည် ၎င်းတို့၏ ကာကွယ်ရေး အစီအစဉ်များ၌ လက်နက်များတွင် ရေဒီယိုသတ္တိကြွဒြပ်စင် ပိုမိုပါဝင်ခြင်းကို ဖယ်ထုတ်ရေးနှင့် စပ်လျဉ်းသည့် စာချွန်လွှာကို ဧပြီ ၁၄ ရက်က သဘောတူလက်မှတ်ရေးထိုးကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယင်းသဘောတူညီမှုသည် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ကျင်းပသည့် နျူကလီးယားလုံခြုံရေး ထိပ်သီးအစည်းအဝေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ သီးခြားပြုလုပ်ခြင်းဖြစ်သည်ဟုဆိုသည်။

အရေးပါ

ယင်းသည် နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆောင်ရွက်မှုအတွင်း အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု အမေရိကန်အစိုးရအဖွဲ့က ပြောကြားသည်။

ထို့ပြင် အမေရိကန်အစိုးရနှင့် ရုရှားအစိုးရတို့၏ လက်နက်များ၌ ရေဒီယိုသတ္တိကြွဒြပ်စင်ပါဝင်ခြင်းကို ဖယ်ရှားမည်ဆိုသော ကိစ္စရပ်ကို ပိုမိုသေချာစေသည့်အပြင် လက်နက်များ လျှော့ချရေးကိုပါ ခိုင်မာစေသည်ဟုဆိုသည်။

(အင်တာနက်)

စစ်သွေးကြွအုပ်စုများ ဖယ်ရှားမည်ဟု ပါကစ္စတန်ဝန်ကြီးချုပ် ပြောကြား

အစ္စလမ္မာဘတ် ဧပြီ ၁၅

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီက အိမ်နီးချင်းအိန္ဒိယနိုင်ငံအား တိုက်ခိုက်ရန် ပါကစ္စတန်နယ်မြေပိုင်နက်ကို အသုံးပြုနေသည့် စစ်သွေးကြွအုပ်စုများအား ဖယ်ရှားပစ်မည်ဟု ပြောကြားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

သို့ရာတွင် ၁၆၆ဦးထက်မနည်း သေဆုံးခဲ့ရသည့် ၂၀၀၈ခုနှစ် နိုဝင်ဘာ ၂၆ ရက်က မွမ်ဘိုင်းတိုက်ခိုက်မှုများ၌ ပါဝင်ပတ်သက်သည်ဟု အိန္ဒိယနိုင်ငံက စွပ်စွဲထားသည့်အုပ်စုများနှင့် ပတ်သက်၍ အိန္ဒိယအနေဖြင့် သက်သေအထောက်အထားပြရန် လိုအပ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်ဂီလာနီက အလေးအနက်ထား ပြောကြားသည်။

ပြောကြား

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ဧပြီ ၁၂ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

သဘောတူ

ပါကစ္စတန်အခြေစိုက်အကြမ်းဖက်မှုနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံ၏ စိုးရိမ်မကင်းဖြစ်မှုကို မိမိလုံးဝသဘောတူကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမား ပြောကြားခဲ့ပြီးနောက် ပါကစ္စတန်ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြန်လည်ပြောကြားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ဂျော်ဂျီယာ၌ လေယာဉ်ပျက်ကျ

ဘီလီဆီ ဧပြီ ၁၅

ဂျော်ဂျီယာနိုင်ငံ မြောက်ပိုင်း တောအုပ်အတွင်းသို့ ဖလော်ရီဒါ အခြေစိုက် စခန်းမှ ရေတပ်လေယာဉ်တစ်စင်း ဧပြီ ၁၃ရက်က ပျက်ကျရာ လေယာဉ်ပေါ်ပါ သုံးဦးသေဆုံးကြောင်း အမေရိကန် အရာရှိများက သတင်းထုတ်ပြန်သည်။

အဆိုပါ တီ-၃၉ အင်န်လေယာဉ်သည် လေ့ကျင့်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ပေါ်၌ပါရှိသည့် စတုတ္ထမြောက်လူအား အာဏာပိုင်အဖွဲ့က ရှာဖွေလျက်ရှိကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

သေဆုံးသူများတွင် လေယာဉ်မှူးနှင့် အခြားနှစ်ဦးပါဝင်ကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (အင်တာနက်)

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွား

အစ္စလမ္မာဘတ် ဧပြီ ၁၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လိုဝါအိုရာကီဒေသရှိ ဆန်ဂရန်နာကျေးရွာနှင့် ရီရန်ဒါရာကျေးရွာတို့ရှိ စစ်ဆေးရေးဂိတ်များကို စစ်သွေးကြွများ ဧပြီ ၁၂ရက်က ဝင်ရောက်စီးနင်း တိုက်ခိုက်ရာ စစ်သွေးကြွ ၄၁ဦးနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဒဏ်ရာရရှိ

အဆိုပါတိုက်ပွဲမှာ နှစ်နာရီကြာဖြစ်ပွားခဲ့ပြီး ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရအုပ်ချုပ်ရေးမှူး ဆာမူလာခန်က ပြောကြားသည်။

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့သည် အိုရာကီလူမျိုးစုဒေသ၌ ပြီးခဲ့သည့် သီတင်းပတ်များအတွင်း လေကြောင်းနှင့် မြေပြင်တို့မှနေ၍ စစ်သွေးကြွနှိမ်နင်းရေး ထိုးစစ်များ ဆင်နွှဲကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ယူရှုဒေသ၌ ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဧပြီ ၁၅ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တရုတ်မြေငလျင်ကြောင့် သေဆုံးသူ ၆၁၇ဦးရှိလာ ကယ်ဆယ်ရေးလုပ်ငန်းများ အပူတပြင်းဆောင်ရွက်နေ

ပေကျင်း ဧပြီ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဧပြီ ၁၄ရက် စောစောပိုင်းက အင်အားရစ်ချ်တာစကေး ၆ဒသမ၉ရှိ မြေငလျင်ပြင်းလှုပ်သဖြင့် သေဆုံးဒဏ်ရာရသူ အများအပြားရှိသည့်အပြင် ပြိုပျက်နေသည့် အဆောက်အအုံများအကြား ပိတ်မိနေသူများအား ကယ်ဆယ်ရန်အတွက် ကယ်ဆယ်ရေးသမားများသည် လေဒဏ်မိုးဒဏ်နှင့် နောက်ဆက်တွဲ မြေငလျင်လှုပ်မှုများကို ပဓာနမထားဘဲ အုတ်ကျိုးအုတ်ပဲ့များကို ဧပြီ ၁၅ရက်က တူးဆွရှာဖွေလျက်ရှိသည်။

ယမန်နေ့က မြေငလျင်ဒဏ်ကြောင့် သေဆုံးသူ ၆၁၇ဦး၊ ဒဏ်ရာရသူ ၉၁၁၀ရှိပြီး လူပေါင်း ၃၁၃ဦးမှာ ယခုတိုင် မတွေ့ရသေးဘဲ ပျောက်ဆုံးနေသည်။ နေအိမ်အဆောက်အအုံပေါင်း ၁၅၀၀၀ ပြိုကျပျက်စီးပြီး ဒေသခံပြည်သူ ၁၀၀၀၀၀ကျော်ကို ပြောင်းရွှေ့နေရာချထားခဲ့ရသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ပိတ်မိ

ငလျင်ဗဟိုချက်မအနီးရှိ ယူရှုစီရင်စုအစိုးရရုံးစိုက်ရာ ဂျီဂုမြို့မှ နေအိမ် ၈၅ ရာခိုင်နှုန်းကျော်ပြိုကျကုန်သဖြင့် အပျက်အစီးများအကြားတွင် ပြည်သူအများအပြား ပိတ်မိနေကြောင်း သိရသည်။

ရှာဖွေ

ကယ်ဆယ်ရေးလုပ်သားများအပြင် တပ်မတော်၊ ရဲနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၀၀၀ကျော်တို့ ပါဝင်တူးဖော်ရှာဖွေနေကြသည်။ ကယ်ဆယ်ရေးလုပ်ငန်းတွင် တိဗက်ဘုန်းတော်ကြီး ၂၀ခန့်ပါဝင်သည်ကို တွေ့ရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အာဖဂန်နစ္စတန်မြောက်ပိုင်းတွင် တိုက်ပွဲဖြစ်ပွား တာလီဘန်ခြောက်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ကဘူးလ် ဧပြီ ၁၅

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်၌ တာလီဘန်သောင်းကျန်းသူများနှင့် အာဖဂန်တပ်ဖွဲ့ဝင်များ အပြင်းအထန်တိုက်ခိုက်ကြရာ တာလီဘန်ခြောက်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒေသခံများက အစိုးရလုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအကူအညီပေးကြရာ စစ်သွေးကြွများထွက်ပြေးရသည်ဟု ပြည်နယ်ဒုတိယရဲတပ်ဖွဲ့အကြီးအကဲက ထပ်လောင်းပြောကြားသည်။ (အင်တာနက်)

ဘယ်လ်ဂျီယံနိုင်ငံ ဟန့်မြို့၌ကျင်းပလျက်ရှိသည့် နိုင်ငံတကာပန်းမန်ပြပွဲကို ဧပြီ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရန်အပေါ် ထပ်မံအရေးယူရန် တူရကီနှင့်ဘရာဇီး ဆန့်ကျင်

တီဟီရန် ဧပြီ ၁၅

တူရကီနှင့် ဘရာဇီးခေါင်းဆောင်များက အီရန်နိုင်ငံအပေါ် အရေးယူရေးကိစ္စတွင် ယနေ့ထိတိုင် ဆန့်ကျင်နေဆဲရှိနေကြောင်း အမေရိကန်သမ္မတသို့ အကြောင်းကြားသည်။

ဆန့်ကျင်

ဘရာဇီးသမ္မတ လူလာဒါဆီးဗားနှင့် တူရကီဝန်ကြီးချုပ် တေယစ်အာဒိုဂန်တို့က အီရန်အပေါ်အရေးယူမည့် အမေရိကန်၏ အဆိုပြုမှုကို ဆန့်ကျင်သည်ဟု ဝါရှင်တန်ဒီစီတွင် ကျင်းပသည့် နျူကလီးယားလုံခြုံရေးထိပ်သီး အစည်းအဝေး၏ ပြင်ပတွင် သမ္မတအိုဘားမားနှင့် အလွတ်သဘောတွေ့ဆုံရာ၌ ပြောကြားသည်။

ကုလသမဂ္ဂက အီရန်အပေါ် အရေးယူမှုအသစ်ချမှတ်ရေး ရှောင်ရှားနိုင်ရန်အတွက် ညှိနှိုင်းဖြေရှင်းမှု နည်းလမ်းရှာဖွေရန် အဆိုပါခေါင်းဆောင်နှစ်ဦးက အကြံပြုထားသည်။ (အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အိုင်ယာလန်တောင်ပိုင်း၌ မီးတောင်ပေါက်ကွဲ

အိုင်ယာလန်နိုင်ငံတောင်ပိုင်းရှိ မီးတောင်တစ်လုံး ဧပြီ ၁၄ရက်က ပေါက်ကွဲမှု ဖြစ်ပွားရာ မီးခိုးများ၊ ပြာမှုန်များနှင့် မီးတောက်များကောင်းကင်သို့ လွင့်ပျံ့ထွက်ခဲ့ကြောင်း၊ အနီးဝန်းကျင်ရှိ နေထိုင်သူဒေသခံများ အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း အိုင်ယာလန်အရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

ပါရှန်ပင်လယ်ကွေ့မှရေဒါ အီရန်လဲလှယ်မည်

ပါရှန်ပင်လယ်ကွေ့၌ လက်ရှိတပ်ဆင်ထားသော ရုရှားနိုင်ငံလုပ် ရေဒါနေရာတွင် ခေတ်မီပြီးစွမ်းရည်ပိုမြင့်မားသော ရေဒါအသစ်နှင့်အစားထိုးလဲလှယ်တပ်ဆင်သွားမည် ဖြစ်ကြောင်း အီရန်အရာရှိများက ဧပြီ ၁၅ရက်၌ ပြောကြားသည်။

ဟူဘာယ်လ်မှန်ပြောင်းပုံရိပ် ထုတ်ဝေမည်

နာဆာမှ အာကာသသိပ္ပံပညာရှင်များ အသုံးပြုလျက်ရှိသော ဟူဘာယ်လ် အာကာသ အဝေးကြည့်မှန်ပြောင်းသည် လာမည့် ဧပြီ ၂၄ ရက်တွင် နှစ်(၂၀)ပြည့်တော့မည် ဖြစ်ရာ အထိမ်းအမှတ်ပုံရိပ်များ ထုတ်ဝေသွားမည်ဟု နာဆာအရာရှိများက ဧပြီ ၁၅ရက်၌ ပြောကြားသည်။

ပါကစ္စတန်တွင် ကန်လေကြောင်းမှပစ်ခတ်

ပါကစ္စတန်နိုင်ငံ မီရန်ရှိတ်မြို့ကို အမေရိကန်တို့က မောင်းသူမဲ့လေယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံ ၁၇ ဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ဧပြီ ၁၅ရက်၌ ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးနှုန်း ကျဆင်းလျက်ရှိရာ ဂျပန် ငွေကြေးဈေးကွက်၌ ဧပြီ ၁၅ရက်ကဂျပန်ယန်းငွေ ၉၀လျှင် အမေရိကန်တစ်ဒေါ်လာ အထိ ကျဆင်းခဲ့ကြောင်း ဂျပန်ငွေကြေးအရာရှိများက ပြောကြားသည်။

မက်ဒရစ်၌ ဆီးနှင်းများထူထပ်စွာကျဆင်း

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ဧပြီ ၁၅ရက် နံနက်က ဆီးနှင်းများထူထပ် သိပ်သည်းစွာ ကျဆင်းခဲ့ရာ မော်တော်ယာဉ်သွားလာမှုရပ်ဆိုင်းပြီး အချို့နေရာများ၌ ဆီးနှင်းထုတစ်ပေခန့်အထိရှိခဲ့ကြောင်း စပိန်အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်းကမ်းလွန်တွင် ဧပြီ ၁၅ရက် နံနက်က ရစ်ချ်တာ စကေး၆ဒသမ၃အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ အဆောက်အအုံများ ယိမ်းထိုး လှုပ်ခါသွားကြောင်း ထိခိုက်မှုသတင်းမရရှိသေးကြောင်း သတင်းထုတ်ပြန်သည်။

မြေထဲပင်လယ်၌ တူရကီသင်္ဘော အပိုင်စီးခံရ

မြေထဲပင်လယ်ရေပြင်တွင် ဧပြီ ၁၅ရက်က တူရကီကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီဓားပြများက အပိုင်စီးသွားခဲ့ကြောင်း တူရကီအရာရှိများက သတင်းထုတ်ပြန်သည်။

ဂါဇာကမ်းမြောင်သို့ ထောက်ပံ့ရေးပစ္စည်းပေးပို့

တူရကီနိုင်ငံမှ ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုအရ အမေရိကန်ဒေါ်လာသန်း၂၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို သင်္ဘောနှစ်စင်းဖြင့် ပေးပို့မည်ဖြစ်ကြောင်း ဧပြီ ၁၅ရက်၌ တူရကီအရာရှိများက ပြောကြားသည်။

(အင်တာနက်)

ထီးတာစွေး စာကြည့်တိုက်အဆောက်အအုံသစ် ငပုတော၌ဖွင့် ရေရှည်တည်တံ့ရေးနှင့် စာဖတ်ရှိန်မြင့်မားရေးဆောင်ရွက်

ငပုတော ဧပြီ ၁၅

ပုသိမ်ခရိုင် ငပုတောမြို့နယ် ထိန်တန်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူတို့၏ ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့သည့် ထီးတာစွေးစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ရက် နံနက် ၁၀နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆွေနွယ်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောချာလေး၊ ကျေးရွာရပ်မိရပ်ဖ ဦးစောသာစတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

လှူဒါန်း

ထို့နောက် ကျေးရွာအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောချာလေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆွေနွယ်ဦးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ရှိန်မြင့်မားရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ရန်ပုံငွေရရှိရေး ဆွေးနွေးပြောကြားပြီး စာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင်၊ သုတရသမျိုးစုံအုပ် ၁၅၀ကို ပေးအပ်လှူဒါန်းသည်။**(မြို့နယ် ပြန်/ဆက်)**

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ(ဒါရိုက်တာ ဘုန်းဝေ)၊ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ် သံမဏိတောင်တွင်းကြီး)၊ တောင်တွင်းကြီးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော် (တောင်တွင်းဝင်းကျော်)နှင့် မြို့နယ်စာကြည့်တိုက်များဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ငြိမ်းတို့ ဧပြီ ၃ရက်က စာအုပ်လှူဒါန်းပွဲနှင့် အင်းစိန်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွေ့ဆုံမိတ်ဆက်ပွဲတွင် စာပေအဖွဲ့ဝင်များ အမှတ်တရအလဲ လဲလှယ်ကြစဉ်။ (မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)

မန်စီ၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်း

ဗန်းမော် ဧပြီ ၁၅

ဗန်းမော်ခရိုင် မန်စီမြို့နယ် ဟန်ထက်ကျေးရွာတွင် အလှူရှင်ဦးထွန်းထွန်း-ဒေါ်ဝေဝေမိသားစုက မတည်လှူဒါန်းငွေကျပ် ၂၅သိန်းနှင့် ကျေးရွာပြည်သူများက စုပေါင်းလှူဒါန်းငွေကျပ်၂၇သိန်း စုစုပေါင်းငွေကျပ် ၅၂သိန်းကျော်ဖြင့် ဆောက်လုပ်ပြီးစီးသည့် လင်းထက်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၁၀ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဦးထွန်းထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ်သိန်းတင့်၊ မြန်မာ့မီးရထားမှ ဦးစန်းအောင်နှင့် ခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် ဦးထွန်းထွန်း-ဒေါ်ဝေဝေမိသားစုက ဟန်ထက်ကျေးရွာ အလယ်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်သိန်း ၁၀၀နှင့် လင်းထက်စာကြည့်တိုက်အတွက် ငွေကျပ် ၆၂၃၂၅၀တန်ဖိုးရှိ စာအုပ်စာစောင်များနှင့် ဥတ္တရလှမင်းက ငွေကျပ်၁၈၅၀၀၀တန်ဖိုးရှိ စာအုပ်များ၊ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသောစာအုပ်များ၊ ကျေးရွာပြည်သူများလှူဒါန်းသောစာအုပ်များအား စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီ ဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ထီးလင်းမြို့ အမှတ်(၂) ရပ်ကွက် သစ်တောလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူတို့ ပူးပေါင်း၍ ယာဉ်စက်ယန္တရားဖြင့် ပြုပြင်ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပန်းခြံအတက်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ဟားခါး ဧပြီ ၁၅

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ပန်းခြံအတက်လမ်းကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါမုခ်ဦး၌ မတ် ၂၂ရက် နံနက် ၉နာရီက ကျင်းပသည်။

ဖွင့်လှစ်

အဆိုပါအခမ်းအနားသို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက စက်ခလုတ်နှိပ်၍ ဟားခါးမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆွေခန့်ထန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်၊ မြို့မိမြို့ဖ ဦးရမ်ဟဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ရပ်မိရပ်ဖ ဦးလျန်ထန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အရှည်

ကတ္တရာလမ်းသည် အဖွဲ့ရန်ပုံငွေကျပ် ၈၄၅၀၀၀၀နှင့်အတူ ရပ်ကွက်ပြည်သူ ထည့်ဝင်ငွေနှင့်ပူးပေါင်းကာ အရှည် ၁၇၂၄ပေအထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေစက်ရုံအမှတ်(၁)တွင် ရေဖြန့်ဝေပေးမှုနှင့် ရေစက်များလည်ပတ်မှု၊ ကြံ့ခိုင်မှုအခြေအနေကို ပဲခူးတိုင်းအနောက်ပိုင်း စည်ပင်သာယာရေးအဖွဲ့၊ ဦးသန်းလှိုင်နှင့်အဖွဲ့ မတ် ၂၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

● *ကျောဖုံးမှ*

ရေပက်နေသူများ၊ ရေပက်ခံနေသူများက လမ်းအပြည့်ဖြစ်နေ၍ မော်တော်ယာဉ်မောင်းထွက်ရန်ပင် အခက်အခဲဖြစ်ရသည်။

ရေကစားမဏ္ဍပ်

တနင်္သာရီတိုင်း ပြကွက်အတွင်း တည်ဆောက်ထားသော အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) မဟာသင်္ကြန် ရေကစားမဏ္ဍပ်သို့ ရောက်ရှိရာတွင် ရေပက်နေသူများနှင့် ရေပက်ခံကားများက တိုးမပေါက်အောင် စည်ကားနေသည်မှာ ကြည်နူးချမ်းမြေ့ပျော်ရွှင်စရာပင်ဖြစ်သည်။ မဏ္ဍပ်စင်မြင့်ထက်၌ အဆိုတော်တူးတူးက ပရိသတ်များကို တေးသီချင်းဖြင့် ဖျော်ဖြေနေရာ မဏ္ဍပ်ရှေ့၌ သင်္ကြန်ပျော်များက တေးသီချင်းနှင့် လိုက်ပါကနေကြသည့် မြင်ကွင်းက ပျော်ရွှင်စိတ်ကို ဖြစ်ပေါ်စေလျက်ရှိသည်။

အားပါးတရဆင်နွှဲ

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)မဏ္ဍပ်တွင် ဂါးဒီးယန်းတေးဂီတအဖွဲ့နှင့်အတူ အဆိုတော်များဖြစ်သည့် တူးတူး၊ ဘရိတ်ကီ၊ နော်နော်၊ ရသ၊ ရန်ရန်ချမ်း၊ သျှားအိဘိုဘိုဟန်၊ မင်းရာဇာ၊ စွမ်း၊ ဘိုလေး၊ အိပုနှင့် ချမ်းအေးဝင်းတို့က နေ့စဉ် ဖျော်ဖြေတင်ဆက်လျက်ရှိကြသည်။ ပြည်နယ်နှင့်တိုင်း ရေကစားမဏ္ဍပ်များ၌လည်း မြူးကြွသော တေးသီချင်းများ ဖွင့်ကာ ရေပက်ကြ၊ ကခုန်ကြနှင့် သင်္ကြန်ပွဲတော်ကို အားပါးတရဆင်နွှဲနေကြသည်။

နေပြည်တော်တပ်ကုန်း မဏ္ဍပ်

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်)အတွင်း သင်္ကြန်ပွဲတော်ဆင်နွှဲနေကြသူများကို လိုက်လံကြည့်ရှုပြီး နေပြည်တော် တပ်ကုန်းသင်္ကြန်မဏ္ဍပ်များသို့ သတင်းအဖွဲ့ ဆက်လက်သွားရောက်ခဲ့သည်။ နေပြည်တော်တပ်ကုန်းတွင် ရေကစားမဏ္ဍပ်နှစ်ခု တည်ဆောက်ထားရာ ယိမ်းအကများ၊ အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် ရေပက်သူများဖြင့် စည်စည်ကားကား ရှိလှသည်။

ကြည်နူးဖွယ်

နေပြည်တော် တပ်ကုန်းရှိ မြို့နယ်လုံးဆိုင်ရာ မဟာသင်္ကြန်မဏ္ဍပ်ကို ဗိုလ်မင်းရောင် ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းနှင့် အောင်စိုးမိုးလမ်းထောင့်တွင် တည်ဆောက်ထားရာ မဏ္ဍပ်ရှေ့တွင် ရေပက်ခံမော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ တေးသီချင်းနှင့်အတူ မဏ္ဍပ်ရှေ့၌ ကခုန်ပျော်ရွှင်ကာ ရေပက်ခံနေကြသူများကို တွေ့မြင်ရသည်။ နေပြည်တော်တပ်ကုန်း ဇဟိုမဏ္ဍပ်တွင်လည်း ယိမ်းအကများ၊ တေးဂီတဖျော်ဖြေမှုများဖြင့် သင်္ကြန်ပျော်များအား ဖျော်ဖြေနေသလို ရေပိုက်များဖြင့် ရေပက်ဖျန်းနေသည်မှာ လွတ်လပ်ပျော်ရွှင် ကြည်နူးဖွယ်ပင်ဖြစ်သည်။

"မစ္ဆိမလှိုင်းအဖွဲ့နဲ့အတူ ဒီမဏ္ဍပ်မှာပဲ သီဆိုဖျော်ဖြေနေပါတယ်"
ခင်မောင်တိုး။

"နေပြည်တော် သင်္ကြန်မှာ သီချင်းတွေ အများကြီး သီဆိုဖျော်ဖြေနေပါတယ်"
ကဗျာဘွဲ့မှူး။

"သင်္ကြန်ပွဲမှာ ပရိသတ်အကြိုက် သီချင်းတွေ သီဆိုပေးနေပါတယ်"
လေးလေးဝါး။

"ဒီမဏ္ဍပ်မှာပါပဲ သင်္ကြန်ပြီးတဲ့အထိ ဖျော်ဖြေပေးနေပါတယ်"
မိုးပြည့်ပြည့်မောင်။

အမျိုးသားဥယျာဉ်အထိမ်းအမှတ်(နေပြည်တော်) မဟာသင်္ကြန်မဏ္ဍပ်၌ ရေပက်သူများ၊ ရေပက်ခံကားများနှင့် ဖျော်ဖြေရေးစင်မြင့်ရှေ့၌ ပျော်ရွှင်နေကြသူများအား ဤသို့ တွေ့ရသည်။

မြို့တော်ခန်းမ မဏ္ဍပ်

နေပြည်တော် တပ်ကုန်းမဏ္ဍပ်များ၌ သင်္ကြန်ပွဲ ဆင်နွှဲနေသူများကို ကြည့်ရှုလေ့လာပြီး နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ သတင်းအဖွဲ့ ရောက်ရှိခဲ့သည်။စင်မြင့်ထက်၌ တူညီဝတ်စုံများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေနေသော ယိမ်းအဖွဲ့များ၊ အမိုးဖွင့်ကားအမျိုးမျိုးဖြင့် ရေပက်ခံနေကြသော သင်္ကြန်ပွဲနွှဲသူများဖြင့် ပြည့်ကျပ် စည်ကားစွာ မြင်တွေ့ရသည်။ ရေထွက်အားကောင်းသော ရေပက်ပိုက်များဖြင့် ပက်ဖျန်းနေမှုကြောင့် ရေပက်ခံမော်တော်ယာဉ်ပေါ် လိုက်ပါလာသူများ တုတ်တုတ်ရွှဲ နေတော့သည်။ တစ်ကိုယ်လုံး စိုရွှဲနေသော်လည်း မော်တော်ယာဉ်များပေါ်၌ ကခုန်ကာ လွတ်လပ်ပျော်ရွှင်နေသည့် မြင်ကွင်းကား နေပြည်တော်၏ ကြည်နူးဖွယ်ရာ သင်္ကြန်ပွဲတော် အလှများပင် ဖြစ်သည်။

ပြည့်ကျပ်

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှ နေပြည်တော်ဟိုတယ်ဇုန် သင်္ကြန်မဏ္ဍပ်များသို့ သတင်းအဖွဲ့ထွက်ခွာခဲ့ရာ လမ်းတစ်လျှောက် သင်္ကြန်ပျော်တို့၏ ရေပက်ခံ အမိုးဖွင့်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို တွေ့မြင်ရသည်။ ဟိုတယ်ဇုန်သင်္ကြန်မဏ္ဍပ်များ၌ ရေပက်ခံသူများ၊ ဖျော်ဖြေရေးနားဆင်သူများ၊ ရေပက်ခံမော်တော်ယာဉ်များ ပြည့်ကျပ်နေတော့သည်။

မေးမြန်း

ရှိုင်းရယ်ဟိုတယ်မဏ္ဍပ်၌ သီဆိုဖျော်ဖြေနေသော အဆိုတော် လေးလေးဝါးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "နေပြည်တော်သင်္ကြန်မှာတော့ သီချင်းတွေနဲ့ အားပါးတရ ဖျော်ဖြေပေးနေပါတယ်၊ ပရိသတ်တွေကလည်းများတော့ ဖျော်ဖြေရတာ အားရပါတယ်၊ သင်္ကြန်ပွဲပြီးတဲ့အထိ ဒီမဏ္ဍပ်မှာပဲ ရှိနေမှာပါ"ဟု သတင်းအဖွဲ့သို့ ပြောပြသည်။

နေပြည်တော်တပ်ကုန်းရှိ သင်္ကြန်မဏ္ဍပ်ရှိရာ လမ်းမ၌ ရေပက်ခံမော်တော်ယာဉ်များကို ဤသို့ စည်ကားများပြားလှသည်။

ပျော်စရာကောင်း

တစ်ဖန် သင်္ကြန်သီချင်းတစ်ပုဒ် သီဆိုပြီး စင်မြင့်ပေါ်မှ ဆင်းလာသည့် အဆိုတော် ကဗျာဘွဲ့မှူးကလည်း "ဒီနှစ်မှ နေပြည်တော်သင်္ကြန်ကို ဆင်နွှဲဖြစ်တာပါ၊ ပျော်စရာကောင်းပါတယ်၊ သီချင်းတွေဆိုရတာ ပရိသတ်က အားပေးတော့ ပျော်ရပါတယ်"ဟု ပြောပြသည်။

သီဆိုဖျော်ဖြေ

ထို့နောက် သတင်းအဖွဲ့ သင်္ဂဟ ဟိုတယ်မဏ္ဍပ်သို့ ရောက်ရှိခဲ့ရာ စင်မြင့်ထက်၌ တေးသီချင်း သီဆိုဖျော်ဖြေနေသော အဆိုတော် ခင်မောင်တိုးကို တွေ့ရသည်။ သီချင်းဆိုပြီး စင်မြင့်မှ ဆင်းလာသည့် ခင်မောင်တိုးအား တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်တို့ မစ္ဆိမလှိုင်းတေးဂီတအဖွဲ့နဲ့အတူ နေပြည်တော်သင်္ကြန်ပြီးတဲ့အထိ ဒီမဏ္ဍပ်မှာ ရှိနေမှာပါ။ သင်္ကြန်ပွဲတော်အတွင်းမှာ ကျွန်တော့်အနေနဲ့ စိတ်ကြိုက်သီချင်းတွေ၊ ပရိသတ်တောင်းဆိုတဲ့ သီချင်းတွေကို သီဆိုဖျော်ဖြေပေးနေပါတယ်၊ ပျော်ရွှင်စရာကောင်းတဲ့ သင်္ကြန်ပွဲတော်ပါပဲ" ဟု ပြောပြသည်။

ရေပက်ခံမော်တော်ကားများ

မဏ္ဍပ်စင်အောက်တွင် ပြည့်ကျပ်နေသော ပရိသတ်များ၊ ရေပက်ခံမော်တော်ယာဉ်များကို တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည်။ ထို့နောက် ရတနာသိင်္ဃဟိုတယ် သင်္ကြန်မဏ္ဍပ်၌ တေးသီချင်းသီဆိုကာ ပါဝင်ဆင်နွှဲနေသော သရုပ်ဆောင် ရဝေအောင်ကလည်း "နေပြည်တော်သင်္ကြန်မှာ သီချင်းတွေ အများကြီးဆိုဖြစ်ပါတယ်၊ နောက်နေ့တွေလည်း ဖျော်ဖြေသွားဦးမှာပါ။ ဒီလိုနေပြည်တော်သင်္ကြန်ပွဲ ဆင်နွှဲရတဲ့အတွက်လည်း ပျော်ရွှင်ရပါတယ်" ဟု သတင်းအဖွဲ့အား ပြောပြသည်။ တစ်ဖန် ရှိုင်းရယ် နေပြည်တော်ဟိုတယ်တွင် သီဆိုဖျော်ဖြေနေသော သရုပ်ဆောင်မိုးပြည့်ပြည့်မောင်နှင့်တွေ့ဆုံမေးမြန်းခဲ့ရာ "နေပြည်တော် သင်္ကြန်ပွဲကို လာရောက်သီဆို ဖျော်ဖြေရတာ ပျော်စရာကောင်းပါတယ်၊ သီချင်းတွေကိုလည်း စိတ်တိုင်းကျ သီဆိုဖျော်ဖြေနေတာမို့ ပရိသတ်တွေလည်း ကြိုက်နှစ်သက်မယ်လို့ ထင်ပါတယ်။ သင်္ကြန်ပြီးတဲ့အထိ နေပြည်တော်မှာ ရှိနေမှာပါ" ဟု ပြောပြသွားသည်။

ရေပန်းဥယျာဉ်

နေပြည်တော် မဟာသင်္ကြန်ပွဲကို နံနက်ပိုင်းဆင်နွှဲပြီး နေ့ခင်းအနားယူကြရာတွင် နေပြည်တော် ရေပန်းဥယျာဉ်အတွင်း၌ သင်္ကြန်ပွဲဆင်နွှဲသူတို့ ပြည့်ကျပ်လျက်ရှိနေသည်။ ရေပန်းနှင့်အတူ တီးလုံးဖွင့်ထားရာ သင်္ကြန်ပျော်တို့ တီးလုံးနှင့်အတူ လိုက်ကနေကြသည်ကိုလည်း မြင်တွေ့ရသည်။

နေပြည်တော် ရေပန်းဥယျာဉ်အတွင်း သင်္ကြန်ရေပက်ခံထွက်သူများ အနားယူအပန်းဖြေနေကြသည့် မြင်ကွင်း။

စည်ကားသိုက်မြိုက်

နေပြည်တော် သင်္ကြန်ပွဲတော်ကား သင်္ကြန်မဏ္ဍပ်တိုင်းတွင် စည်ကားသိုက်မြိုက်လျက်ရှိနေရာ လွတ်လပ်ပျော်ရွှင်စွာ ရေကစားနေသူများ၊ ရေပက်ခံထွက်သူများနှင့်အတူ ပျော်ရွှင်ဖွယ်ရာ ဖြစ်နေပါကြောင်း။ ။

(မြန်မာ့အလင်း)

* ရှေ့ဖုံးမှ

ဖျော်ဖြေ

ယင်းသို့ အတာရေသဘင်ပွဲဆင်နွှဲကြရာတွင် နေပြည်တော်၌ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက သင်္ကြန်မင်းသမီး၊ မမကိုယ်တိုင်က၊ ပက်မှာလားကွယ်၊ ညိုမြ၊ နွေမ၊ ရွှင်လန်းချမ်းမြေ့ပါစေ စသည့် သင်္ကြန်တေး အဆို အကယိမ်းအလှများဖြင့် တင်ဆက်ကြပြီး ဝန်ကြီးဌာနများ၊ ဟိုတယ်များ၊ ကုမ္ပဏီများမှ သင်္ကြန်ယိမ်းအဖွဲ့များကလည်း ယဉ်ကျေးသင်္ကြန် မြန်မာ့ဟန်၊ တို့ယိမ်း ပထမ၊ ပိတောက်မမ၊ သင်္ကြန်ပန်းတွေ အလှ၊ မူရာကြော့၊ယဉ်ကျေးသူရဲ့ပိတောက်ရွှေစင်၊ သင်္ကြန်မိုးရေတန်ခူးလေ၊ တောင်းဆုပန်ခြွေ၊ တူးပို့တူးပို့ စသည့် သင်္ကြန်ယိမ်း အကအလှများဖြင့်လည်းကောင်း၊ တေးသံရှင်များက The Aces တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။

လားရှိုးမြို့ မဟာသင်္ကြန်

၁၃၇၁ခုနှစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ရေသဘင်ပွဲတော် ဖွင့်ပွဲကို လားရှိုးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ကျင်းပစဉ်။

(သတင်းစဉ်)

သီဆိုတီးမှုတ်

ညနေပိုင်းနှင့် ညပိုင်းတို့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ယိမ်းအဖွဲ့များနှင့် တေးသံရှင်များက သင်္ကြန်ယိမ်းအကများ၊ အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လာရောက်ကြည့်ရှုအားပေးသူ ပရိသတ်များဖြင့် စည်ကားများပြားလျက်ရှိသည်။

ဆင်နွှဲ

အလားတူ နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၊ မက်စ်မြန်မာကုမ္ပဏီဟိုတယ်၊ ရွှေမြန်မာဟိုတယ်၊ ရတနာသိဃ်ဟိုတယ်၊ တော်ဝင်နေပြည်တော်ဟိုတယ်၊ ရွှေသံလွင်ကုမ္ပဏီ၏ ရွှေညော့်သည်ဟိုတယ်၊ အေးရှားဝေါလ်ကုမ္ပဏီ၏ မြတ်တော်ဝင်ဟိုတယ်၊ အေဒင်အုပ်စု၏ သင်္ဂဟဟိုတယ်နှင့် ထူးထရေးဒင်းကုမ္ပဏီ၏ ရွှေနန်းတော်ဟိုတယ်တို့၏ မိသားစုမဟာသင်္ကြန် ရေသဘင်မဏ္ဍပ်များ၌ ရေကစားကြသူများက ရေပက်ခံယာဉ်များ၊ ရေပက်ခံသင်္ကြန်ချစ်သူပြည်သူများအား အတာသင်္ကြန်ရေပက်ဖျန်းကြ၍လည်းကောင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များက ခေတ်ပေါ်တေးဂီတအဖွဲ့များနှင့် တွဲဖက်လျက် သင်္ကြန်တေးသံသာများ သီဆိုတီးမှုတ်ကြလျက်လည်းကောင်း၊ အနုသုခုမပညာရှင်များ၊ ယိမ်းအကအဖွဲ့များက မြန်မာ့ရိုးရာအက၊ ယိမ်းအကများဖြင့် လည်းကောင်း အတာရေသဘင်ပွဲကို ဆင်နွှဲကြသည်။

စာမျက်နှာ ၈ သို့

ကောင်းသောနှစ်သစ်ဖြစ်ပါစေ

* ပိတောက်နှင့်ငု၊ အပြိုင်လှု၍
သူ့ထက်ငါလျှင်၊ ဝါရွှေဆင်၏။

* ပင်ထက်ပေါ်တွင်၊
ကံ့ကော်သရဖီ၊ ရင်ခတ်မည်သား
ရာသီပန်းရနံ့၊ မွှေးကာပျံ့၏။

* ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုးကြောင့်
ရွာရိုးရပ်တွင်း၊ မြေနံ့သင်း၏။

* ရှုခင်းအသစ်၊ မြပုရစ်တို့
ဖွင့်လှစ်နိဒါန်း၊ လှပုံဆန်း၏။

* သို့စေကာလည်း၊
ဖလ်ဝါနေမင်း၊ ပူရှိန်ပြင်း၍
အိမ်တွင်းလည်းပူ၊ အိမ်ပြင်ပူသော်
လူလည်းနွမ်းလျ၊ စိတ်လည်းကျ၍
အလှကွယ်ပျောက်၊ သောကရောက်၏။

* သည်ချိန်ခါတွင်၊
သူငါဆင်နွှဲ၊ သင်္ကြန်ပွဲကြောင့်
ရင်ထဲအပူ၊ ကိုယ်အပူသည်
ယူပစ်သလို၊ ပျောက်သလိုနှင့်
ကိုယ်လည်းပျော်မြူး၊ သူလည်းမြူး၏။

* နှစ်ကူးသင်္ကြန်၊ ရိုးရာဟန်သည်
နိုင်ငံစံပြု၊ မြန်မာမှု၏
ဂုဏ်ပြုဖွယ်ရာ၊ မြတ်နိုးရာဟု
ရင်မှာစွဲချစ်၊ ဆုတောင်းဖြစ်သည်
နှစ်ကောင်းနှစ်သစ်ဖြစ်ပါစေ - ။ ။

သန်းထွန်းညို

စစ်ကိုင်း မဟာသင်္ကြန်

မဟာသင်္ကြန်အကြတ်နေ့က စစ်ကိုင်းတိုင်း ကလေးမြို့ အတာရေသဘင် ဗဟိုမဏ္ဍပ်ရှေ့တွင် ပြည်သူများ ပျော်ရွှင်စွာ ရေကစားကြစဉ်။

(သတင်းစဉ်)

စစ်တွေ မဟာသင်္ကြန်

မဟာသင်္ကြန်အကြတ်နေ့က ရခိုင်ပြည်နယ် စစ်တွေမြို့တွင် တပျော်တပါး ရေကစားကြသူများနှင့် ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။

(သတင်းစဉ်)



မကွေး မဟာသင်္ကြန်

မဟာသင်္ကြန်အကြတ်နေ့က မကွေးတိုင်း မကွေးမြို့တွင် ပြည်သူများ တပျော်တပါး ရေကစားကြစဉ်။

(သတင်းစဉ်)

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချုပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံသူတွင် အသားအရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့် နားများအား ထိုးမိပါက မျက်လုံးနှင့် နားကန်းနိုင်ခြင်း စသည့် အန္တရာယ်များဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်သည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇နာရီမှ ညနေ ၆နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ညနေ ၆နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။

၃။ တားမြစ်ချက်များ ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မဟာသင်္ကြန်အကြတ်နေ့က အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) တွင် အပန်းဖြေသူများကို အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြစဉ်။

(သတင်းစဉ်)

မဟာသင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့တွင်း၌ ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် ဤသို့ စည်ကားလျက်ရှိသည်။
(သတင်းစဉ်)

စာမျက်နှာ ၇ မှ

စည်ကား

ထို့အတူ နေပြည်တော်ပျဉ်းမနား၌ လျှပ်နွယ် (ကံကောင်း) ကုမ္ပဏီလီမိတက်၊ Happy Time၊ Special၊ ပိတောက်ရိုး၊ KTM ရေကစားမဏ္ဍပ်ကြီးများနှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ ပုဂ္ဂလိကအလိုက် ရေကစားမဏ္ဍပ်ပေါင်း ၃၀ ခန့်တို့ဖြင့် အတာရေသဘင်ပွဲ ဆင်နွှဲလျက်ရှိကြပြီး ခေတ်ပေါ်တေးဂီတအဖွဲ့များ၊တေးသံရှင်များက သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေလျက်ရှိရာ ရေကစားကြသူများ၊ ရေပက်ခံကြသူများ၊ ရေပက်ခံမော်တော်ယာဉ်များဖြင့် စည်ကားလျက်ရှိသည်။

သင်္ကြန်ရေကစားမဏ္ဍပ်၌ တေးသံသာများ၊ အကအဖွဲ့များဖြင့် သီဆိုဖျော်ဖြေကြပြီး မွန်ပြည်နယ်ပြကွက်ရှိ မွန်ရိုးရာအိမ်များ၌ အေးရှားဝေါလ်မိသားစုက စတုဒိသာ ကျွေးမွေးဧည့်ခံလျက်ရှိသည်။

အပန်းဖြေ အနားယူ

ထို့အတူ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်) မဟာသင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်၌ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီအထိနှင့် ညနေ ၅ နာရီမှည ၁၀ နာရီအထိ Guardians တေးဂီတအဖွဲ့နှင့်အတူ အဆိုတော်များကတေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေလျက်ရှိရာ သင်္ကြန်ချစ်သူပရိသတ်များ၊ အပန်းဖြေအနားယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မဟာသင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့ အရှေ့ရွှေဂုံတိုင်လမ်းမကြီးတွင် ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

အလားတူ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်အတွင်း အပန်းဖြေအနားယူနိုင်ရန်နှင့် တနင်္သာရီတိုင်းပြကွက်ရှိ ပုလဲကျွန်းနှင့် သဘာဝပတ်ဝန်းကျင်ရှုခင်းများ ကြည့်ရှုခံစားနိုင်ရန် Golden Flower Co., Ltd. မှ အပျော်စီးသင်္ဘောနှစ်စင်း စီစဉ်ထားရှိရာ အများပြည်သူများ စီးနင်းလှည့်လည်ကြည့်ရှုအနားယူလျက်ရှိကြသည်။

ထိုနည်းတူ ချင်းပြည်နယ်ပြကွက်ရှိ ရိဒ်ရေကန်၌ ရေလွှာလျှောစီးအပန်းဖြေစခန်း ဖွင့်လှစ်ထားရှိပြီး အနားယူအပန်းဖြေသူများ၊ သင်္ကြန်ပွဲဆင်နွှဲကြသူများနှင့် သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ရန်ကုန်မြို့

အလားတူ ရန်ကုန်မြို့၌ နံနက်ပိုင်းတွင် သင်္ကြန်ချစ်သူ ပြည်သူများက မဟာသင်္ကြန်ပွဲကို ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲလျက်ရှိကြရာ ရန်ကုန်တိုင်းခရိုင်လေးခု အတွင်းရှိ မြို့နယ်နှင့် ရပ်ကွက်အသီးသီးတို့၌ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များဖြင့် အထူးစည်ကားစွာ ရေကစားကြသည်။

တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ပုဂ္ဂလိကကုမ္ပဏီ မဏ္ဍပ်များ၌လည်း မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို တပျော်တပါး ဆင်နွှဲလျက်ရှိကြရာ ရွှေ FM မိသားစု Myanmar International TV ရေကစားမဏ္ဍပ်၌ ရေသဘင်ပွဲလာ ပြည်သူများအား တေးသံသာများဖြင့် သီဆို၊ ကပြဖျော်ဖြေလျက်ရှိသည့်အပြင် စတုဒိသာလည်း ကျွေးမွေးလှူဒါန်းလျက်ရှိသည်။

မဟာသင်္ကြန်အကြတ်နေ့က နေပြည်တော် ဟိုတယ်ဇုန်ရှိ တော်ဝင်နေပြည်တော်ဟိုတယ် ရေသဘင်မဏ္ဍပ်တွင် ရေပက်ခံသူများ စည်ကားလျက်....။
(သတင်းစဉ်)

မဟာသင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့ လသာလမ်းတွင် ရေကစားမဏ္ဍပ်များ၌ တေးသံရှင်များက သီဆိုဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန် အကြတ်နေ့က ရန်ကုန်မြို့တွင်း၌ ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် ဤသို့ စည်ကားလျက်ရှိသည်။
(သတင်းစဉ်)

အလားတူ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)တွင် ပြည်နယ်နှင့် တိုင်းပြကွက်များအလိုက် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ အာဟာရဒါန စတုဒိသာကျွေးမွေးမှုများဖြင့် အတာသင်္ကြန်ရေသဘင်ပွဲကို ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ပွဲဆင်နွှဲသူများ၊ ဒေသခံပြည်သူများ၊ သင်္ကြန်ချစ်သူပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အတွင်းရှိ ထူးကုမ္ပဏီများအုပ်စု၏ ကချင်ပြည်နယ် မဟာ

16-4 (08-09).pmd 1 4/16/2010, 2:08 AM

အလားတူ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်အတွင်း အပန်းဖြေအနားယူနိုင်ရန်နှင့် တနင်္ဂနွေ ပြကွက်ရှိ ပုလဲကျွန်းနှင့် သဘာဝ ပတ်ဝန်းကျင်ရှုခင်းများ ကြည့်ရှုခံစားနိုင်ရန် Golden Flower Co., Ltd. မှ အပျော်စီးသင်္ဘောနှစ်စင်း စီစဉ်ထားရှိရာ အများပြည်သူများ စီးနင်းလှည့်လည်ကြည့်ရှုအနားယူလျက်ရှိကြသည်။

ထိုနည်းတူ ချင်းပြည်နယ်ပြကွက်ရှိ ရိဒ်ရေကန်၌ ရေလှော်လှေစီး အပန်းဖြေစခန်း ဖွင့်လှစ်ထားရှိပြီး အနားယူအပန်းဖြေသူများ၊ သင်္ကြန်ပွဲဆင်နွှဲကြသူများနှင့် သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်းကားများပြားလျက်ရှိသည်။

ရန်ကုန်မြို့

အလားတူ ရန်ကုန်မြို့၌ နံနက်ပိုင်းတွင် သင်္ကြန်ချစ်သူ ပြည်သူများက မဟာသင်္ကြန်ပွဲကို ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲလျက်ရှိကြရာ ရန်ကုန်တိုင်းခရိုင်လေးခု အတွင်းရှိ မြို့နယ်နှင့် ရပ်ကွက်အသီးသီးတို့၌ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များဖြင့် အထူးစည်းကားစွာ ရေကစားကြသည်။

တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ပုဂ္ဂလိကကုမ္ပဏီ မဏ္ဍပ်များ၌လည်း မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို တပျော်တပါး ဆင်နွှဲလျက်ရှိကြရာ ရွှေ FM မိသားစု Myanmar International TV ရေကစားမဏ္ဍပ်၌ ရေသဘင်ပွဲလာ ပြည်သူများအား တေးသံသာများဖြင့် သီဆို၊ ကပြဖျော်ဖြေလျက်ရှိသည့်အပြင် စတုဒိသာလည်း ကျွေးမွေးလှူဒါန်းလျက်ရှိသည်။

မဟာသင်္ကြန်အကြတ်နေ့က နေပြည်တော် ဟိုတယ်ဇုန်ရှိ တော်ဝင်နေပြည်တော်ဟိုတယ် ရေသဘင်မဏ္ဍပ်တွင် ရေပက်ခံသူများ စည်ကားလျက်....။
(သတင်းစဉ်)

စည်းကား

အရှေ့ရွှေဂုံတိုင်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ ဦးချစ်မောင်လမ်း၊ ပြည်လမ်းနှင့် ရန်ကုန်မြို့တွင်းတို့၌ ရေပက်ကစားကြသူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိသည်။

သင်္ကြန်ချစ်သူ ပြည်သူများက ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာနွှဲပျော်ကြသည့်နည်းတူ ရန်ကုန်မြို့ရှိ ဘုရား၊ ပုထိုး စေတီများနှင့် ဘုန်းတော်ကြီးကျောင်းများ၌လည်းကောင်း၊ ဓမ္မာရုံများ၌လည်းကောင်း ဗုဒ္ဓမြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်း၍ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ တရားစခန်းများ၌ ဝိပဿနာတရား

မဟာသင်္ကြန်အကြတ်နေ့က မန္တလေးမြို့ ကန်တော်ကြီးပတ်လမ်း ရေကစားမဏ္ဍပ်တွင် ဤသို့ ပျော်ရွှင်ချမ်းမြေ့စွာ အတာရေသဘင်ပွဲဆင်နွှဲကြစဉ်။(သတင်းစဉ်)

မဟာသင်္ကြန်အကြတ်နေ့က မန္တလေးမြို့ ၆၆လမ်းနှင့် ၂၆လမ်းထောင့် ကျုံးတောင်ဘက်တွင် ရေကစားမဏ္ဍပ်များ၊ ရေပက်သူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)



...နေ့က ရန်ကုန်မြို့ လသာလမ်းတွင် ရေကစား ...များက သီဆိုဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

ပွားများအားထုတ်ကြသူများဖြင့်လည်း အထူးများပြားသကဲ့သို့ ရပ်ကွက်အလိုက်၊ နေအိမ်အလိုက် မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးမြို့

ထို့အတူ မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အကြတ်နေ့ဖြစ်သော ယနေ့တွင် သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းလျက် ရိုးရာသင်္ကြန်ပွဲတော်အလှကိုဖော်ကျူး၍ ယဉ်ကျေးသိမ်မွေ့ချမ်းမြေ့ပျော်ရွှင်စွာ ရေကစားကြသည်။

မန္တလေးနန်းမြို့ ကျုံးတော်ကြီးပတ်ပတ်လည် လမ်းတစ်လျှောက်နှင့် မြို့အနှံ့အပြားတို့တွင် အထူးစည်းကားလျက်ရှိရာ နံနက်ပိုင်းတွင် မန္တလေးနန်းမြို့ ကျုံးတောင်ဘက် ၂၆လမ်းပေါ်ရှိ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ရုပ်ရှင်၊ ဗီဒီယို သရုပ်ဆောင်များနှင့် တေးသံရှင်များက သင်္ကြန်တေးသီချင်းများကို အဆို အကများဖြင့် ဖျော်ဖြေကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အမေများအဖွဲ့ကလည်း အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ မန္တလေးမြို့တော်ဝန်နှင့် ဇနီး၊ ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အေးရိပ်ခို

မန္တလေးမြို့တွင် ရေသဘင်ပွဲဆင်နွှဲကြသည့် သင်္ကြန်ချစ်သူပြည်သူများသည် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပျော်ရွှင်စွာ ရေကစားကြပြီးနောက် အပူရှိန်လွန်ကဲသည့် မွန်းလွဲပိုင်းတွင် အေးရိပ်ခိုကြရာ မန္တလေးတောင်နှင့် ကုသိုလ်တော် ပန်းဥယျာဉ်များအပြင် အမရပူရမြို့နယ်ရှိ တောင်သမန်အင်း မယ်ဇယ်ပင်တန်းနှင့် ဦးပိန်တံတားတို့သို့လည်း သွားရောက်အပန်းဖြေအနားယူကြသည်။

ထို့အပြင် အမရပူရမြို့နယ်တွင်းမှ သင်္ကြန်ရေကစားမဏ္ဍပ်များ၊ ကန်တော်ကြီးဝန်းကျင်ဒေသမှ သင်္ကြန်ရေကစားမဏ္ဍပ်များကလည်း သင်္ကြန်တေးသီချင်းများကို အဆို အကများဖြင့် ပျော်ရွှင်စွာ ဖျော်ဖြေတင်ဆက်ကြရာ ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်က သင်္ကြန်အလှပြယာဉ်များကို စိစစ်အကဲဖြတ်လျက်ရှိပြီး သင်္ကြန်လှပျိုဖြူများက စည်ပင်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အဆို၊ အတီး၊ အကများဖြင့် ဧည့်ခံဖျော်ဖြေ၍ ရုပ်ရှင်၊ ဗီဒီယို သရုပ်ဆောင်များ၊ တေးသံရှင်များကလည်း သင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြဧည့်ခံဖျော်ဖြေကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ကြည့်ရှုအားပေးကြပြီး သင်္ကြန်မဏ္ဍပ်ရှေ့၌ ကြည့်ရှုအားပေးကြသည့်သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်

အလားတူ ရခိုင်ပြည်နယ်စစ်တွေမြို့တွင် ဗဟိုရေကစားမဏ္ဍပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်နှင့် မြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၃၂ ရပ်ကွက်တို့ရှိ ရေကစားမဏ္ဍပ်များ၌ ဒေသခံ ပြည်သူများသည် ယနေ့ **(သင်္ကြန်အကြတ်နေ့)**တွင် ရေပက်ခံယာဉ်များနှင့်ပါ ပျော်ရွှင်ကြည်နူးစွာ ရေကစားကြသည့်အပြင် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို လောင်းလှေကြီးများဖြင့် ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသင်္ကြန်အကြတ်နေ့က နေပြည်တော် ရေပန်းဥယျာဉ်တွင်ရေကစားသူများ၊ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

ယောနယ်သားတို့ လူမှုစီးပွားဘဝ သာယာလှပလာခဲ့ပြီ

❖ သတင်းခရီးသည်နှင့်ဓာတ်ပုံမှတ်တမ်း-ကလေး-ဝင်းသူ ❖ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

ကလေး ဧပြီ ၁၅

မြစ်သာတံတားကြီးကား နွေဦးပေါက်စ နေပူရှိန်အောက်တွင် မြွေကြီးတစ်ကောင် အကြောဆန့်နေသည့်အလား ထီးထီးမားမား ဆန့်ဆန့်ကြီးရှိနေသည်။ အနီမြစ်သာ တံတားကြီးကို နိုင်ငံတော်အစိုးရက ၁၉၉၅ ခုနှစ် ဧပြီ ၂၁ရက်က စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့သည်။ တံတားအရှည်ပေ ၆၈၀ ရှိသည်။ အကျယ် ၁၄ ပေ ၇ လက်မရှိပြီး ကားနှင့် ရထားနှစ်လမ်းသွားတံတားကြီးဖြစ်သည်။ ယောနယ်၌ ပထမဦးဆုံး ဆောက်လုပ်ပေးခဲ့သော နိုင်ငံတော်အစိုးရ၏ ယောနယ်အတွက် လက်ဆောင်မွန်ပင်ဖြစ်၏။



မြစ်သာတံတားအောက်က အောင်မြင်ဖြစ်ထွန်းနေသော ဖရဲခင်း····။

ဆက်သွယ်သွားလာနိုင်

ဒီမြစ်သာ တံတားကြီးကြောင့် ကလေး-ဂန့်ဂေါ-ချင်းတောင်လမ်းပန်း ဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်။ ကုန်စည်ကူးသန်းမှု ချောမွေ့မြန်ဆန်လာသည်။ ရှေးအခါက မြစ်သာမြစ်ကို ခက်ခက်ခဲခဲဖြတ်ကူး သွားလာခဲ့ရသော ယောသူ ယောသားတို့မှာ သည်တံတာကြီးပေါ်ကဖြတ်၍ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်သွယ်သွားလာနိုင်ခဲ့ပေပြီ။

ပန်းချီကားတစ်ချပ်

စာရေးသူသည် ယခင်ကတံတားကြီးပေါ်ဖြတ်၍ ရထားစီးကာ အကြိမ်ကြိမ် သွားလာခဲ့ဖူးသော်လည်း ယခုမှ တံတားကြီးပေါ် လမ်းလျှောက်မိ၏။ တံတားအောက်တွင် ရေကြည်ကြည် မြစ်သာရေသည် နေးကွေးစွာ စီးဆင်းနေ၏။ အဝေးသို့ လှမ်းကြည့်ရာ မြစ်သာကမ်းဘေးဝဲယာတစ်လျှောက်၌ အိန္ဒိယမုန်ညင်း၊ ထောပတ်ပဲ၊ မြေပဲ၊ နေကြာ၊ ပဲနီလေးတို့ကို စိုက်ပျိုးထားသော စိမ်းညို့ညို့ စိုက်ခင်းများကို ပုံညာတောင်နောက်ခံဖြင့် ရှုမြင်ရ၏။ ကြည်နူးဖွယ်ရာ ပန်းချီကားတစ်ချပ်ပါပေ။

ထိုမျှမက တံတားကြီးအောက် ငုံ့ကြည့်လိုက်ပြန်လျှင်လည်း တိုင်ထောင်စိုက်ပျိုးထားသော ခရမ်းချဉ်များ၊ အိန္ဒိယမုန်ညင်းခင်းများကို တစ်မျှော်တစ်ခေါ်တွေ့ရ၏။ ဤသည်ကားတံတား အရှေ့ဘက်က မြင်ကွင်းများဖြစ်သလို တံတားအနောက်ဘက်ကို ငုံ့ကြည့်လိုက်ပြန်တော့လည်း ဖွံ့ဖွံ့ထွားထွား ဖရဲကျားကျားကြီးများ မြေမှာဝပ်တွား စံစားနေကြသည်ကို တွေ့ရသည်။

လှပဝင့်ကြွား

တံတားပေါ်က ကြည့်ရသည်မှာ အားမရ။ သို့အတွက် တံတားအောက်ဆင်းပြီး ကြည့်၏။ ဖရဲသီးတို့မှာ အနီးကပ်ကြည့်ရမှ ဝံ့ဝံ့စားစား လှပဝင့်ကြွားနေကြ၏။ အစိမ်းရောင်ကျားကျား တရုတ်(တိုင်ပေ) ဖရဲမျိုးများ ဖြစ်ကြသည်။ ယောနယ် ဂန့်ဂေါမြို့ ဇာဟောရွာ၌ လွန်ခဲ့သော ခုနှစ်နှစ်၊ ရှစ်နှစ်ခန့်ကစ၍ တရုတ်(တိုင်ပေ) ဖရဲမျိုးများ စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ခဲ့သည်။ ဇာဟောဖရဲမှာ မြေဆီမြေနှစ်ပြည့်ဝလှသည့် ဇာဟောချောင်းသဲနုန်းပြင်၌ စိုက်ပျိုးထားသဖြင့် အလွန်တရာ ချိုမြသည်။

ယခုအခါ ယောဒေသ၌ ဇာဟောရွာသာမက ယခုကျွန်တော်ရောက်နေသော ကျွန်းခုံသာရွာ၊ ကန်ရွာ၊ ကန်သာရွာ၊ မွေလည်ရွာ၊ အနောက်ဂန့်ဂေါ၊ ရှုံးရှီ၊ လုံဟောကျေးရွာများတွင်ပါ စိုက်ပျိုးလျက်ရှိကြသည်။

လှိုင်လှိုင်ထွက်

မြစ်သာတံတားအောက်က ကျွန်းခုံသာ ဖရဲခင်းပိုင်ရှင်မှာ ကျွန်တော့်ကို လိုက်ပို့သော ကိုတင်လွှမ်း၏ညီ ကိုဝင်းထူး၏ ဖရဲခင်းဖြစ်သည်။ သူ့ဖရဲကို ၁၃၇၁ ခုနှစ် တန်ဆောင်မုန်းလက စတင်စိုက်ပျိုးခဲ့ရာ သုံးလခွဲအကြာ ယခုတပို့တွဲလတွင် အသီးရင့်၍ ခူးဆွတ်ရောင်းချနေရပြီဖြစ်သည်။ ပေါ်ဦးပေါ်ဖျား ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၈၀၀ မှ ၆၀၀အထိ ရောင်းရသည်။ ယခု အခြားကျေးရွာတွေကလည်း ဖရဲလှိုင်လှိုင်ထွက်လာသဖြင့် ပျမ်းမျှအားဖြင့် ဖရဲသီး တစ်လုံးလျှင် ငွေကျပ် ၄၀၀မှ ၅၀၀ဈေး ဖြစ်သွားသည်။ ဖရဲသီးအရွယ်အစားမှာ လုံးပတ် တစ်တောင့်ထွာရှိသည်။ ထုအလုံးအမြင့် တစ်ထွာသာသာခန့်ရှိသည်။ ဖရဲသီးအလုံးကြီးကြီးကို ငွေကျပ် ၁၀၀၀ ရောင်းရသည်။ အသေးဆုံးတွေက ငွေကျပ် ၄၀၀၊ ၅၀၀ဈေးဖြစ်၏။ ဧကဝက် စမ်းသပ်စိုက်ပျိုးထားရာ ဝင်ငွေကျပ် လေးသိန်း ရရှိမည်ဟု ခန့်မှန်းထားသည်။ လာမည့်နှစ်တွင် တိုးချဲ့စိုက်ပျိုးရန် ရေစုပ်စက်၊ ရေတင်စက်ပါ ဝယ်ထားသည်။ ရေပိုက်တွေလည်း ဝယ်ထားသည်။

ကိုဝင်းထူး၏ ယောဖရဲကို အားပါးတရ ဝအောင်စားပြီးမှ ခရမ်းချဉ်ခင်းကို လိုက်ကြည့်သည်။ မြစ်သာတံတားအောက်တွင် သီးပွင့်နေသော ခရမ်းချဉ်သီးတို့မှာ အပြွတ်လိုက်အပြွတ်လိုက် အားရဖွယ်····ခရမ်းချဉ်ပင်တို့မှာ လူတစ်ရပ်ခန့်အမြင့်၊ ခါးလောက် အမြင့်ရှိသည်။ အပင်များကို တိုင်ထောင်၍ ပေးထားရာ ခရမ်းချဉ်သီးတို့မှာ ပဲနွယ်ပင်များ သီးသကဲ့သို့ အစီအရီသီးနေကြလေသည်။ အချို့ခရမ်းချဉ်သီးတို့မှာ နေရောင်တွင် ပြောင်လက်တောက်ပဝင်းလက်၍နေသလို အချို့ခရမ်းချဉ်သီးတို့မှာ ခရမ်းချဉ်ရွက်များအောက်တွင် ပုန်းလျှိုး၍ သီးပွင့်နေကြလေသည်။

မျိုးကောင်းမျိုးသန့် ခရမ်းချဉ်မျိုးများဖြစ်၍ အလုံးကြီးပြီး အရောင်လှသည်။ ရင့်မှည့်နေသော ခရမ်းချဉ်တို့မှာ အနီရောင်ဖျော့ဖျော့အဆင်းရှိ၏။ ပြောင်ချော၍ ဖန်သီးမီးလုံးပမာ တောက်ပြောင်လင်းလက်နေသည်။ စားချင်စရာ၊ ဝယ်ချင်စဖွယ် ကောင်းလှ၏။ ယောဒေသမှာ တစ်ပိဿာ ငွေကျပ် ၅၀၀ ဈေးမျှသာရှိသည်။ ပေါ်ဦးပေါ်ဖျားဆိုပါက ငွေကျပ် ၇၀၀၊ ၈၀၀ ဈေးရောင်းရသည်။ ယခုတော့ တခြားရွာတွေကလည်း ထွက်နေပြီ ဖြစ်၍ တစ်ပိဿာ ငွေကျပ် ၅၀၀၊ ၆၀၀ ဈေးသာ ရောင်းရတော့သည်။

အကျိုးရှိ

မည်သို့ဆိုစေ ဖရဲ၊ ခရမ်းချဉ်တို့က ယောသူယောသားတို့ကို အပိုဝင်ငွေ ရရှိစေသည်။ ပဲပြီး၊ စပါးပြီး အလုပ်အားချိန်၌ စိုက်ပျိုးရသဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်သည်။ မြစ်သာရေ မခန်းသရွေ့ စိုက်ပျိုးနိုင်သည်။ အရှေ့ဘက်က ပုံညာတောင်တန်း၊ အနောက်ဘက်က ချင်းတောင်တန်းကြီး။ သည်တောင်တန်းနှစ်သွယ်ကြားမှာ မြစ်သာမြစ်က ဖြတ်သန်းစီးဆင်းနေရာ ဘယ်သောအခါမှ ရေခန်းနိုင်မည်မဟုတ်သည့် ထာဝရတည်ရှိသွားမည့် သဘာဝဆုလာဘ်ပင်တည်း။

ဝင်ငွေရနေ

ထိုသော မြစ်သာရေ မခန်းသမျှ ယောသူယောသားတို့ ဝင်ငွေရရှိနေကြပြီ။ ဆိုင်ကယ်စီးနိုင်ကြပြီ။ နံကပ်တိုက်တွေ ဆောက်နိုင်ကြပြီ။ ရုပ်မြင်သံကြားတွေ ပိုင်ဆိုင် ကြည့်ရှုနိုင်ကြပြီ။ ထော်လာဂျီ တစီစီ မောင်းနိုင်ကြပြီ။ အချို့ဆိုပါလျှင် ကိုယ်ပိုင် ဂျစ်ကားပင် ဝယ်စီးနိုင်ကြပေပြီ။

ဩော်··· မြစ်သာမြစ်ရှိနေသဖြင့် မြစ်သာမြစ်ကူး တံတားကြီးဖြစ်လာရသည်။ မြစ်သာတံတားကြီးက ယောသူယောသားတို့ကို အကျိုးပြုသလို မြစ်သာမြစ်ကလည်း အပြိုင်အဆိုင် အကျိုးပြုနေခဲ့သည်။ ထိုအပြန်အလှန် အကျိုးပြုမှုသံသရာအတွင်းမှ ယောသူယောသားတို့၏ လူမှုစီးပွားဘဝကား တားမနိုင်ဆီးမရ တိုးတက်သာယာ လှပကြပေဦးတော့မည်။ ။ **(မြန်မာ့အလင်း)**

နိုင်ငံတော်အစိုးရက ၁၉၉၅ခုနှစ် ဧပြီလ ၂၁ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သော ယောနယ် မြစ်သာတံတား····။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဧပြီ ၁၅

မိုးညှင်း၌ မြန်မာနှစ်သစ်မင်္ဂလာ ကဗျာရွတ်ဆို

ပထမအကြိမ် မြန်မာနှစ်သစ်မင်္ဂလာကဗျာရွတ်ပွဲကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ဧပြီ ၁ရက် နံနက် ၁၁နာရီက မြို့နယ်စာပေနှင့် စာနယ်ဇင်းရုံး၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ အမှုဆောင်၊ အဖွဲ့ဝင်များနှင့် စာချစ်သူများ တက်ရောက်ကြသည်။ (ဝ၀၂)

ပုလောစည်ပင် ရေလှောင်ကန်ဂိတ်ဘားများ အသစ်တပ်ဆင်

ပုလောမြို့နယ် (၅)ရပ်ကွက် မြို့ရေပေးရေးရေလှောင်ကန်အတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ရေလှောင်ကန် မီနီးဂိတ်ဘားအဟောင်းများ အသစ်လဲလှယ်တပ်ဆင်ဆောင်ရွက်မှုအခြေအနေကို မတ် ၂၃ ရက်က အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာဦးသန်းဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။
(မြို့နယ်စည်ပင်)

ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း သင်တန်းဆင်း

ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၉)၊ အခြေခံအိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၃)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း ကြိမ်ဝါးသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲကို မတ် ၂၆ရက်က ၎င်းသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) စစ်ကိုင်းတိုင်း စီမံကိန်းဦးစီးရုံး ညွှန်ကြားရေးမှူး ဦးငွေအောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး အဖွဲ့ဝင်(၂)က သင်တန်းထူးချွန်ဆုရ သင်တန်းသူများအား ဆုများချီးမြှင့်သည်။
(မြို့နယ် ပြန်/ဆက်)

မြဝတီ-မဲထော်သလေးလမ်း ကတ္တရာခင်း

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့်ဆောင်ရွက်သည့် မြဝတီ-မဲထော်သလေးလမ်း ကတ္တရာလမ်း အရှည်ပေ ၄၀၅၀ ကတ္တရာခင်းမှုအခြေအနေကို မတ် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သူရတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။
(မြို့နယ်စည်ပင်)

နွားထိုးကြီး စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

နွားထိုးကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၀)ကို မတ် ၁၂ရက်က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ နေအိမ်၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးငွေမြင့်က မြို့နယ်မျက်နှာစုံညီ အစည်းအဝေးအတွက် တာဝန်များခွဲဝေရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။
(ဝ၉၂)

ခရမ်း-ဒေးပေါက်လမ်း ဂဝံခင်းလုပ်ငန်းဆောင်ရွက်

ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် မတ် ၁၄ရက်က ခရမ်း-ဒေးပေါက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။
(မြို့နယ်စည်ပင်)

လွယ်ဂျယ်မြို့၌ ကိုယ့်အားကိုယ်ကိုး ခူခေါင်ချောင်းကူးတံတားဖွင့်

ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ရှိ လွယ်ဂျယ်-မံကောင်း၊ တုန်ဟုန်းလမ်းပေါ်ရှိ ခူခေါင်ချောင်းကူး ကိုယ့်အားကိုယ်ကိုးတံတားသစ် ဖွင့်ပွဲကို မတ် ၂၆ရက်က အဆိုပါတံတားထိပ်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံဦးသန်းဝင်းနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။
(မြို့နယ် ပြန်/ဆက်)

ဝမ်းတွင်း စည်ပင်သာယာရေးအဖွဲ့ ရေပိုက်လိုင်းသွယ်တန်း

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြို့ရေပေးရေးလုပ်ငန်းဖြစ်သော ခြောက်လက်မ ရေတင်ပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မတ် ၁၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနောင်နောင်လတ် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုး ကြီးကြပ်ဆောင်ရွက်ပေးသည်။
(မြို့နယ်စည်ပင်)

ဆီဆိုင်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး တွေ့ဆုံပွဲကို မတ် ၂၈ရက်က နောင်မွန်ကျေးရွာအုပ်စု နောင်မွန်ကျေးရွာ မြို့မမူလတန်းလွန်ကျောင်းခန်းမ၌ကျင်းပရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်ကိုက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ကြွေက ပညာရေးကဏ္ဍကိုလည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဝင်းမြင့်က လယ်ယာမြေဥပဒေကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။
(မြို့နယ် ပြန်/ဆက်)

စံ(၅)ချက်ညီ စာကြည့်တိုက်ဖြစ်ရေး ကျောက်တလုံးကြီး၌ ဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် အဖွဲ့သည် မတ် ၂၆ရက် နံနက် ၁၀နာရီက နောင်ခဲကျေးရွာအုပ်စု နောင်ယာဆိုင်းကျေးရွာသို့သွားရောက်၍ ကျေးရွာဥက္ကဋ္ဌ၊ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံကာ စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက်ဖြစ်ပေါ်ရေး ကွင်းဆင်းဆွေးနွေးကြသည်။ ။ ***(မြို့နယ် ပြန်/ဆက်)***

အသေအပျောက်များခဲ့သော ငလျင်ကြီးများ

ဘာသာပြန်သတင်းမှတ်စု-မြင့်မောင်စိုး ❖ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ပေကျင်း ဧပြီ ၁၅

ယခုနှစ်အတွင်း ဟေတီနှင့် ချီလီနိုင်ငံတို့၌ အင်အားပြင်းထန်သော ငလျင်ကြီးများလှုပ်ခဲ့သဖြင့် ထောင်ပေါင်းများစွာသော ပြည်သူများ သေကျေခဲ့ရသည့်အပြင် အသက်အိုးအိမ်စည်းစိမ်များလည်း ဆုံးရှုံးခဲ့ကြရသည်။

ယခုတစ်ဖန် ဧပြီ ၁၄ရက် နံနက်ပိုင်းက တရုတ်နိုင်ငံ ကျင်ဟိုင်းပြည်နယ်၌ အင်အားပြင်းထန်သော မြေငလျင်ကြီးလှုပ်ခဲ့ပြန်၍ လူအသက်ပေါင်းများစွာတို့ အုတ်ပုံများကြား ကွယ်ပျောက်ခဲ့ရပြန်ပြီ။

တရုတ်နိုင်ငံနှင့်မြေငလျင်သမိုင်းကို လေ့လာကြည့်လျှင် ရှန်စီငလျင်၊ တန်ရှန်းငလျင်၊ ဟိုင်ယွမ်ငလျင်၊ ချီဟီငလျင်နှင့် စီချွမ်ငလျင်တို့ဖြစ်သည်ကို တွေ့ရပေသည်။ ၁၅၅၆ခုနှစ် ဇန်နဝါရီ ၂၃ရက်က လှုပ်ခဲ့သော ရှန်စီငလျင်ကြောင့် တရုတ်ပြည်သူ ၈၃၀၀၀၀သေဆုံးခဲ့ရသည်။ ၁၉၇၆ခုနှစ် ဇူလိုင် ၁၈ရက်က လှုပ်ခဲ့သော တန်ရှန်းငလျင်ကြောင့် တရုတ်ပြည်သူ ၂၅၅၀၀၀ သေဆုံးခဲ့ရသည်။

တရုတ်နိုင်ငံ ကျင်ဟိုင်းပြည်နယ် ယူရှု၌ ၂၀၁၀ခုနှစ် ဧပြီ ၁၄ရက်က လှုပ်ခဲ့သော ငလျင်ကြောင့် နေအိမ်များ ပြိုကျပျက်စီးနေမှုကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တစ်ဖန် ၁၉၂၀ပြည့်နှစ် ဒီဇင်ဘာ ၁၆ရက်က လှုပ်ခဲ့သော ဟိုင်ယွမ်ငလျင်ကြောင့် တရုတ်ပြည်သူ ၂၃၄၁၁၇ဦး သေဆုံးခဲ့ရသည်။ ထိုနှစ်မှာပင် တရုတ်နိုင်ငံ၌ ချီဟီငလျင်လှုပ်ခဲ့ရာ လူ၁၀၀၀၀၀ခန့် သေဆုံးခဲ့ရသည်။ ၂၀၀၈ခုနှစ် မေလ ၁၂ရက်က လှုပ်ခဲ့သော စီချွမ်ငလျင်ကြောင့် ၆၈၇၁၂ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ ယခုနှစ် ဧပြီ ၁၄ရက်က လှုပ်ခဲ့သော ငလျင်ကြောင့် ဧပြီ ၁၅ရက်အထိ တရုတ်ပြည်သူ ၆၁၇ဦး သေဆုံးခဲ့ပြီး ဖြစ်သည်။

အခြားငလျင်

အခြားသော နိုင်ငံများ၌ လှုပ်ခဲ့သည့် ထင်ရှားသောငလျင်များမှာ အင်ဒိုနီးရှားငလျင်၊ ဆီးရီးယားနှင့် ဟေတီငလျင်တို့ဖြစ်ပြီး အသေအပျောက်အများဆုံး ငလျင်များဖြစ်သည်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်က လှုပ်ခဲ့သော အင်ဒိုနီးရှား ငလျင်ကြောင့် ပြည်သူ ၂၃၃၀၀၀သေဆုံး ခဲ့ရသည်။ ဆီးရီးယား၌ ၁၁၃၈ခုနှစ်က အယ်လ်လက်ပိုငလျင်ကြောင့် ပြည်သူ ၂၃၀၀၀၀သေဆုံးခဲ့ရသည်။ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၂ရက်က လှုပ်ခဲ့သော ဟေတီငလျင်ကြောင့် ပြည်သူ ၂၃၀၀၀၀ သေဆုံးခဲ့ကြရသည်။

ဟေတီနိုင်ငံ ပို့စ်အော်ပရင့်၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၂ရက်က လှုပ်ခဲ့သော ငလျင်ကြောင့် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျပန်နှင့် ငလျင်

ဂျပန်နိုင်ငံ၌ ၁၇၃၀ခုနှစ်က ဟော့ကိုင်ဒိုငလျင်သည် သေပျောက်မှုအများဆုံးဖြစ်ပြီး ပြည်သူ ၁၃၇၀၀၀ သေဆုံးခဲ့ရသည်။ ထို့အပြင် ဂျပန်နိုင်ငံ၌ ဂရိတ်ကန်သိုငလျင်၊ ကာမာကူရာငလျင်နှင့် ကိုဘေးငလျင်တို့မှာလည်း အပြင်းထန်ဆုံး ငလျင်များတွင် ပါဝင်သည်။

အီရန်

အီရန်နိုင်ငံသည်လည်း ငလျင်ရပ်ဝန်း၌ ကျရောက်လျက်ရှိသော နိုင်ငံဖြစ်သည်။ ဒန်ဟမ်းငလျင်နှင့် အာဒါဘီငလျင်များသည် အပြင်းအထန်ဆုံး အီရန်ငလျင်များဖြစ်ပြီး လူနှစ်သိန်းဝန်းကျင် သေဆုံးခဲ့ရသော ငလျင်ကြီးများဖြစ်သည်။

ပေါ်တူဂီ

ပေါ်တူဂီနိုင်ငံ၌၁၇၅၅ခုနှစ်က လစ္စဘွန်းငလျင်ကြောင့် လူ၁၀၀၀၀၊ အဇာဘိုင်ဂျန်၌ ၁၆၆၇ခုနှစ်က လှုပ်ခဲ့သောငလျင်ကြောင့် လူ ၁၀၀၀၀၀၊ ပါကစ္စတန်၌ ၂၀၀၅ခုနှစ်က လှုပ်ခဲ့သော ကက်ရှ်မီးယားငလျင်ကြောင့် လူ ၇၅၀၀၀၊ တူရကီ၌ ၁၉၉၉ခုနှစ်က လှုပ်ခဲ့သော ငလျင်ကြောင့် လူ၄၅၀၀၀၊ အိန္ဒိယ၌ ၂၀၀၁ခုနှစ်က ဂူဂျာရက် ငလျင်ကြောင့် လူ၁၉၂၇ဦး အသီးသီးသေဆုံးခဲ့ရကြောင်း သတင်းမှတ်စုအဖြစ် တင်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက်

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနှာဝင်
၇:၄၀	၇။	ခါသကြ်န် အဆိုအကများ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	တရားတော်
၄:၄၀	၄။	ခါသကြ်န် အဆိုအကများ
၄:၄၅	၅။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၅၀	၆။	ခါသကြ်န် အဆိုအကများ
၅:၀၀	၇။	မျိုးချစ်တပ်မတော်
၅:၀၅	၈။	ခါသကြ်န် အဆိုအကများ
၅:၁၅	၉။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၂၀	၁၀။	ခါသကြ်န် အဆိုအကများ
၅:၂၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၂။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **စကားပြောသော ငှက်ကလေးများ** (အပိုင်း-၃)
၆:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၅။	လျှပ်တစ်ပြက်
၆:၃၀	၁၆။	**ရွှာ** ဟာသဇာတ်လမ်းတွဲ
၆:၅၀	၁၇။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၁၈)
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	အမျိုးသားရေးတေးကဗျာ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၃၇)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

တောင်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာဖွယ်

နေပြည်တော် ဧပြီ ၁၅

__ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၂၈ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

__ဧပြီ ၁၆ ရက် ညနေအထိ ခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သုတအလင်းပြ စာကြည့်တိုက်၌ စာအုပ်လှူဒါန်း

ထားဝယ် ဧပြီ ၁၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေ၊ တနင်္သာရီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်း၊ ထားဝယ်ခရိုင်ဦးစီးအရာရှိ ဦးထွန်းမြင့်၊ မြို့နယ်ဦးစီးမှူးဒေါ်မိုးဝါတို့သည် ဧပြီ ၁၀ရက် မွန်းလွဲ ၁နာရီက ထားဝယ်မြို့နယ် စော်ဝရွှေဂူတောင်ကျေးရွာ သုတအလင်းပြစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြသည်။

__လှူဒါန်း__

ထို့နောက် ညွှန်ကြားရေးမှူး(စီမံ)ဦးမောင်ဖေသည် ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များ၊ ကျေးရွာရှိပြည်သူများ ပညာဗဟုသုတတိုးပွားလာစေရေးအတွက် စာများများဖတ်လာအောင် စည်းရုံးဆောင်ရွက်ရေး၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာဖွံ့ဖြိုးတိုးတက်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးမှာကြားပြီး စာအုပ်စာစောင်များ လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း **ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား**

ကိုသစ္စာ - ရေးသားသည်

စက္ကူဖြင့်အရှည်ဆုံးကြိုးပြုလုပ်သူ

အမေရိကန်နိုင်ငံသား ဂါရီဒပ်အမည်ရှိ အမျိုးသားတစ်ဦးသည် ကပ်စေးနှဲကို အသုံးပြုကာ စက္ကူများကို ကြိုးအဖြစ် သပ်ရပ်လှပစွာ ပြုလုပ်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် အရှည်ဆုံး စက္ကူကြိုးပြုလုပ်သူဖြစ်ခဲ့သည်။

__*ပြုလုပ်*__

ဂါရီဒပ်သည် သူ၏နေအိမ်၌ စက္ကူများကို ကြိုးအဖြစ်ပြုလုပ်ခဲ့ရာ စက္ကူအလေးချိန် ၈၀၆ ပေါင်ကို အသုံးပြုခဲ့ရသည်။ ယင်းကြိုးကို အချိန်သုံးနှစ်ခန့်ကြာမျှ ဖြည်းဖြည်းချင်းပြုလုပ်ခဲ့ရာ စက္ကူကြိုးအရှည် ၅၈၂၆၆ ပေအထိရှည်လျားခဲ့သည်။

__*စွမ်းရည်*__

ဂါရီဒပ်အနေဖြင့် ယခုကဲ့သို့ စက္ကူကြိုးကို ပြုလုပ်ခဲ့ခြင်းမှာ သူသည် အများနှင့်မတူ ထူးခြားသော စွမ်းရည်များရှိကြောင်း ပြသလို၍ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

16-4 (11).pmd 1 4/16/2010, 2:08 AM

မြန်မာ့ရိုးရာ သင်္ကြန်အလှ ဖျက်ဆီးသူများ ပြည်သူ့အားနဲ့ ဝိုင်းဝန်းဖော်ထုတ်ဟန့်တား

ကျော်ရဲမင်း

၂၀၁၀ခုနှစ် ဧပြီလ၁၅ရက်၊ မဟာသင်္ကြန်အကြတ်နေ့ နေ့လယ်ခင်း။

ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများ၊ ရေကစားကြသူများ၏ ပျော်ရွှင်ရယ်မောသံများ၊ စနောက်ကျီစယ်သံများ၊ တေးသီချင်းသံများ၊ ဂီတသံများ စည်စည်ဝေဝေဖြင့် အားမာန်တက်ကြွ ရန်ကုန်မဟာသင်္ကြန်၏ အလှတရားများ သက်ဝင်နိုးကြားနေချိန်။

ကန်တော်ကြီးမှာ ဗုံးကွဲလို့....တဲ့။ ဗုံးက သုံးလုံးတောင်ဆိုပဲ။ လူတွေ သေကုန်ပြီ။ အော်ကြ ဟစ်ကြ ငိုကြ ယိုကြနဲ့.... ငရဲပွက်သလိုပဲ....တဲ့။ အမယ်လေး....ရက်စက်ကြပါပေရဲ့။ စိတ်မကောင်းလိုက်တာ။ ရေကစားကြတဲ့ ကလေးတွေ သေကျေထိခိုက်ဒဏ်ရာရကြတော့ မိဘတွေဆိုတာ ဘာပြောကောင်းမလဲ။ ယူကျုံးမရ အပူလုံးကြွ၊ ဖျပ်ဖျပ်လူးပေါ့။ ဩော်.... ရက်စက်လိုက်ကြတာ၊ ယုတ်မာလိုက်ကြတာ။ သင်္ကြန်ကိုတောင် မရှောင်ကြတော့ပါလား။

ဒီသတင်းဆိုးကြီးနဲ့အတူ ရန်ကုန်မြို့ရဲ့ မဟာသင်္ကြန်ဟာ ချက်ချင်းပဲ အရုပ်ဆိုး အကျည်းတန်သွားပါတယ်။ ဒီသတင်းကြားကြားချင်း ကျွန်တော်လည်း ငယ်ထိပ်ကို မြွေပေါက်လိုက်သလို ဗုံးကွဲတဲ့ ရုတ်ရုတ်သဲသဲ ပြိုပြိုလဲလဲ မြင်ကွင်းကို မြင်ယောင်မိပြီး စိတ်မကောင်းခြင်းကြီးစွာ ခံစားလိုက်ရပါတယ်။ သားတွေ၊ သမီးတွေ ရေကစားသွားနေကြတဲ့ မိဘတွေများဆို ဘယ်လောက်များ ဆောက်တည်ရာမရ မျက်ကလူးဆန်ပျာ ဖြစ်လိုက်မလဲ။ ဘုရားတ,ပြီး သားသမီးတွေအတွက် ရင်မ,နေကြရမှာ အမှန်ပဲဆိုတာ မိဘချင်း ကိုယ်ချင်းစာမိပါတယ်။

တကယ်တော့ မဟာသင်္ကြန်ဟာ ကျွန်တော်တို့ မြန်မာတွေအတွက် အထူးခြားဆုံး၊ အထွတ်အမြတ်အထားဆုံး ရာသီပွဲတော် ဖြစ်ပါတယ်။ ဆယ့်နှစ်လရာသီပွဲတွေအနက် ကျွန်တော်တို့ မြန်မာတွေအတွက် တန်ဖိုးအထားဆုံး၊ အပျော်ရွှင်ဆုံး၊ အနှစ်သက်ဆုံး ရာသီပွဲတော်ဖြစ်သလို အလေးအမြတ်အထားရဆုံး ရိုးရာယဉ်ကျေးမှု ပွဲတော်ကြီးလည်းဖြစ်ပါတယ်။ မြန်မာမှန်ရင် ကျန်တဲ့ ရာသီပွဲတော်တွေမှာ ပျော်တာထက် သင်္ကြန်မှာ ပိုပျော်တယ်၊ ကျန်တဲ့ ရာသီပွဲတော်တွေထက် သင်္ကြန်ကို ပိုခုံမင်တယ်၊ ပိုအလေးထားတယ်။ ဒါမြန်မာတိုင်း အသိပါပဲ။

တစ်ဖက်က ပျော်ရွှင်မှု အလေးသာသလို အခြားတစ်ဖက်က ကြည့်ရင်လည်း သင်္ကြန်ပွဲတော်ဟာ ဘာသာရေး၊ ကုသိုလ်ရေးနဲ့ ယုံကြည်မှုတွေပါ ဒွန်တွဲပါဝင်နေတာကို တွေ့နိုင်ပါတယ်။ သင်္ကြန်ဟာ နှစ်ဟောင်းကနေ နှစ်သစ်ကို ကူးပြောင်းတဲ့အချိန်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ နှစ်ဟောင်းက အညစ်အကြေးတွေ နှစ်သစ်ကိုပါမသွားရအောင် အတာရေနဲ့ ဆေးကြောသန့်စင်တဲ့ ရိုးရာပွဲတော်၊ နှစ်ဟောင်းက မကောင်းမှုအကုသိုလ်တွေကို ခဝါချပြီး နှစ်သစ်ကို ကောင်းမှုကုသိုလ်တွေနဲ့ ကူးပြောင်းဝင်ရောက်နိုင်ဖို့ ကြိုးပမ်းအားထုတ်ကြတဲ့ ဘာသာရေးပွဲတော်ဖြစ်သလို မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေကို ဆက်ခံထိန်းသိမ်းရင်း နှစ်သစ်မှာ ကမ္ဘာသူ ကမ္ဘာသားအားလုံး အေးချမ်းပါစေ၊ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ အတိတ်ကောင်း နိမိတ်ကောင်းဆောင်ယူပြီး မေတ္တာရေစင်ဖျန်းပက်တဲ့ ယဉ်ကျေးမှုပွဲတော်လည်း ဖြစ်ပါတယ်။

ဒါကြောင့် သင်္ကြန်မှာ ရေကစားကြ၊ ကကြခုန်ကြ၊ သီဆိုကြ၊ ပျော်ရွှင်ကြသလို အခြားတစ်ဖက်ကလည်း ငါးလွှတ်ပွဲတွေ ဘေးမဲ့လွှတ်ပွဲတွေ ဆင်နွှဲပြီး ဇီဝိတဒါနပြုကြတယ်။ စတုဒိသာအလှူပွဲတွေလုပ်ပြီး ကျွေးမွေးကုသိုလ်ယူကြတယ်။ ဥပုသ်သီတင်းသီလ ဆောက်တည်ပြီး တရားဘာဝနာ ပွားများကြတယ်။ ဘိုးဘွားတွေကို ရေချိုး၊ ခေါင်းလျှော်၊ လက်သည်းညှပ်ပေးပြီး လုပ်ကျွေးပြုစု ကုသိုလ်ယူကြတယ်။ အထူးအားဖြင့် နှစ်ဟောင်းကနေ နှစ်သစ် ကူးပြောင်းချိန်မှာ မင်္ဂလာယူပြီး မင်္ဂလာရှိတဲ့၊ ကုသိုလ်ဖြစ်တဲ့ ကောင်းရာကောင်းမှု အစုစုကိုပဲ တကူးတက ရွေးချယ်ပြီး ပြုလေ့ရှိကြပါတယ်။ ဒါဟာ သင်္ကြန်ရဲ့ ထူးခြားချက်ဖြစ်သလို မြန်မာကသာမက ကမ္ဘာကပါ တန်ဖိုးထားလေးစားရတဲ့ အချက်လည်းဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေနဲ့ ကြည့်ရင်လည်း နှစ်ဟောင်းမှာ ကြုံတွေ့ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေ၊ အနှောင့်အယှက်တွေကို ချေဖျက်ပြီး နှစ်သစ်မှာ အောင်မြင်မှုတွေ၊ တိုးတက်မှုတွေ ကမ်းလင့်စောင့်ကြိုနေရအောင် ယုံကြည်မျှော်လင့်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အားသစ်မာန်သစ်တွေ မွေးဖွားတဲ့၊ အောင်အတိတ် အောင်နိမိတ်ဆောင်ယူတဲ့ မင်္ဂလာအခါသမယ ဖြစ်ပါတယ်။ ဒါ့ကြောင့် မဟာသင်္ကြန်ပွဲတော်ဟာ ကျွန်တော်တို့ မြန်မာတိုင်းအတွက်ရော၊ နိုင်ငံနဲ့ပြည်သူ တစ်ရပ်လုံးအတွက်ပါ ထူးခြားလေးနက်တဲ့၊ အလေးအမြတ်ထားတဲ့ အဓိက ရိုးရာပွဲတော်ကြီးလည်းဖြစ်ပါတယ်။

ဒီလို မြန်မာကသာမက ကမ္ဘာကပါ လေးစားတန်ဖိုးထားရတဲ့ မဟာသင်္ကြန်ပွဲတော်ကြီးမှာ မြန်မာလူမျိုးတိုင်း အေးချမ်းလွတ်လပ်စွာ ဆင်နွှဲပျော်ရွှင်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရက မဟာသင်္ကြန်ရုံးပိတ်ရက်ကာလကို (၁၀)ရက် တိုင်တိုင် သတ်မှတ်ပေးခဲ့ပါတယ်။ ဒါဟာ အခြားဆယ့်နှစ်လရာသီပွဲတော်များထက် သင်္ကြန်ပွဲတော်ရဲ့ ထူးခြားလေးနက်မှုကို ထင်ရှားစေတဲ့ အချက်ပါပဲ။

မြန်မာမှန်ရင် သင်္ကြန်ကို ချစ်ကြတယ်။ သင်္ကြန်မှာ ပျော်ကြတယ်။ သင်္ကြန်ပိုးက မြန်မာ့သွေးထဲမှာ ပျော်ဝင်နေပြီး ဖြစ်လေတော့ သင်္ကြန်နီးလာရင် သင်္ကြန်ပိုး ရှပိုးထိုးလာတတ်တာ ဓမ္မတာပါပဲ။ ဘယ်နိုင်ငံ၊ ဘယ်ဒေသရောက်နေနေ သင်္ကြန်နီးလာရင် ကိုယ့်အိမ်၊ ကိုယ့်ရပ်ရွာ ပြန်ချင်ကြတယ်။ မဖြစ်ဖြစ်အောင် ကြိုးစားပြီး ပြန်ကြတယ်။ ကိုယ့်ရိုးရာသင်္ကြန်ကို ပျော်ပျော်ကြီး နွှဲပျော်ကြတယ်။ မြန်မာနဲ့ သင်္ကြန်၊ သင်္ကြန်နဲ့ မြန်မာဟာ ခွဲမရနိုင်သလို သင်္ကြန်ချစ်တဲ့ မြန်မာ့စိတ်ဓာတ်ကိုလည်း ဖျောက်ဖျက်ပစ်လို့မရနိုင်တာ အမှန်ပါပဲ။

အခုတော့ ချစ်စရာ၊ မြတ်နိုးစရာ၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ကြီးဟာ အရုပ်ဆိုး အကျည်းတန်သွားခဲ့ရပါပြီ။ ရိုးသားစွာ၊ အေးချမ်းစွာ၊ အပြစ်ကင်းစင်စွာ ရိုးရာသင်္ကြန်ပွဲကို ဆင်နွှဲပျော်ရွှင်နေကြတဲ့ ပြည်သူတွေကြားထဲမှာ ဗုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲခဲ့ပါတယ်။ သတင်းတွေအရ ကန်တော်ကြီး ကန်ပတ်လမ်းမှာရှိတဲ့ ရေကစားမဏ္ဍပ်ရဲ့ရှေ့မှာ ပေါက်ကွဲခဲ့တာဖြစ်ပါတယ်။ ဒီဗုံးကွဲမှုတွေကြောင့် အေးချမ်းပျော်ရွှင်စွာ ရေကစားနေကြတဲ့ အပြစ်မဲ့ပြည်သူ ရှစ်ဦး သေဆုံးခဲ့ရပြီး ၁၇၀ဦး ဒဏ်ရာရခဲ့တယ်လို့ ဆိုပါတယ်။ မကြားဝံ့ မနာသာ ပါကလား။ မရှုရက် မမြင်ရက်စရာပါကလား။ အင်မတန် ဝမ်းနည်းကြေကွဲဖွယ်ပါကလား။

တကယ်တော့ အကြမ်းဖက် အဖျက်အုပ်စုအနေနဲ့ ဒီလို မြန်မာတွေ အထွတ်အမြတ်ထားတဲ့ မဟာသင်္ကြန်ပွဲတော်ကြီးကိုတောင်မှ လက်မရှောင်နိုင်တော့လောက်အောင် ရက်စက်ယုတ်မာမှုအရာမှာ ကမ်းကုန်နေကြပြီလား။ အပြစ်ကင်းတဲ့၊ ရိုးသားအေးချမ်းစွာ ပျော်ရွှင်နေကြတဲ့ အများပြည်သူအပေါ်မှာတောင် ဒီလို အငြိုးအတေး အာဃာတကြီးကြီးထားပြီး သွေးအေးအေးနဲ့ လုပ်ရက်နေကြပြီလား။

တကယ်တော့ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကြီးမှာ အေးအေးချမ်းချမ်းပျော်ပျော်ရွှင်ရွှင်နဲ့ ရေကစားနေကြတဲ့ အများပြည်သူကို အခုလို ရက်ရက်စက်စက် ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဟာ ပြည်သူကို ထိပါးစော်ကားခြင်းသာ ဖြစ်ပါတယ်။ အင်မတန်မှ လူမဆန်တဲ့ ရက်စက်ယုတ်မာမှုကြီး ဖြစ်ပါတယ်။ ဒီအကြမ်းဖက် အဖျက်လုပ်ရပ်အတွက် ကျွန်တော်တို့ပြည်သူတိုင်းက အဲဒီအကြမ်းဖက် အဖျက်သမားတွေကို အလွန်ပဲ စက်ဆုပ်ရွံရှာနေကြပါတယ်။ တစ်ဖက်က ထိခိုက်သေကျေဒဏ်ရာရရှိခဲ့ကြတဲ့ အပြစ်မဲ့ပြည်သူတွေအတွက် ရင်နာကြေကွဲမိသလို အခြားတစ်ဖက်ကလည်း အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်တဲ့ အဖျက်သမား လူရမ်းကားတစ်စုကို နပ်နပ်စဉ်းပစ်ချင်လောက်အောင် မုန်းတီးရွံရှာမိတာ အမှန်ပါပဲ။

တကယ်တော့ အကြမ်းဖက် အဖျက်သမား လူရမ်းကားတွေဟာ ကျွန်တော်တို့ ပြည်သူများကြားထဲမှာပဲ အသွင်အမျိုးမျိုးယူပြီး ခိုအောင်းနေကြတာဖြစ်ပါတယ်။ အဖျက်သမားမှာ ချိုမပါလို့ အလွယ်တကူ မခွဲခြား၊ မသိမြင်နိုင်ပေမယ့် ကျွန်တော်တို့ သာမန်ပြည်သူတွေထဲမှာ ရောနှောဝင်ရောက်ပြီး အခုလို လူမဆန်တဲ့ ဖောက်ခွဲဖျက်ဆီးမှုတွေကို လက်ရဲ ဇက်ရဲ ကျူးလွန်နေကြခြင်းဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ပြည်သူတွေ သတိမူကြဖို့ လိုပါတယ်။ နိုင်ငံတော်မှာ ရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပျက်စီးရာပျက်စီးကြောင်း အဘက်ဘက်က နှောင့်ယှက်ဖျက်ဆီးဟန့်တားဖို့ ကြိုးပမ်းနေကြတဲ့ အဖျက်သမားအုပ်စုကို သတိတရားလက်ကိုင်ထားပြီး ဝိုင်းဝန်းဖော်ထုတ် ဟန့်တားနိုင်ဖို့ လိုပါတယ်။ ဒါဟာ ကျွန်တော်တို့ ပြည်သူအားလုံးက အသိတရားရှိရှိနဲ့ ပူးပေါင်းပါဝင်မှသာ အချိန်တိုအတွင်း အောင်မြင်နိုင်မယ့် အရေးကိစ္စဖြစ်သလို ပြည်သူတစ်ရပ်လုံးရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် အရေးကြီးတဲ့ ပြည်သူ့တာဝန် တစ်ရပ်လည်းဖြစ်တယ်လို့ ခံယူကြရပါမယ်။

ချုပ်ပြီးဆိုရရင် အကြမ်းဖက်အဖျက်သမားတွေဟာ ကျွန်တော်တို့ရဲ့ ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရုပ်ဆိုးကျည်းတန်အောင် ဖျက်ဆီးခဲ့သလို အများပြည်သူကိုလည်း တိတိပပ ထိပါးစော်ကားခဲ့ကြပါတယ်။ ဒါကြောင့် ပြည်သူများအနေနဲ့ အကြမ်းဖက် အဖျက်အုပ်စုရဲ့အန္တရာယ်ကို သတိပြုဖို့လိုအပ်သလို သူတို့ကို ပြည်သူ့အားနဲ့ ဝိုင်းဝန်းဖော်ထုတ်ဟန့်တားနိုင်ဖို့လည်း လိုအပ်နေပြီ ဖြစ်ပါတယ်။ ပြည်သူကိုစော်ကား၊ ရိုးရာမဟာသင်္ကြန်ရဲ့ အနှစ်သာရကို ဖျက်ဆီး၊ အပြစ်မဲ့ပြည်သူ ၁၇၀ ကျော်ကို သေကျေ ထိခိုက်ဒဏ်ရာရရှိအောင် ယုတ်မာရက်စက်ခဲ့ကြတဲ့ အကြမ်းဖက်အဖျက်သမားတွေကို ဖမ်းဆီးရမိရေးအတွက် မြန်မာပြည်သူတိုင်းက မသင်္ကာဖွယ် ထူးခြားမှုတွေ တွေ့ရှိတာနဲ့တစ်ပြိုင်နက် သက်ဆိုင်ရာကို အချိန်မီသတင်းပေးပို့ပြီး တာဝန်သိသိ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း တပ်လှန့်နှိုးဆော် လိုက်ရပါတယ်။ ။

တကယ်တော့ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကြီးမှာ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ ရေကစားနေကြတဲ့ အများပြည်သူကို အခုလို ရက်ရက်စက်စက် ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဟာ ပြည်သူကို ထိပါးစော်ကားခြင်းသာ ဖြစ်ပါတယ်။ အင်မတန်မှ လူမဆန်တဲ့ ရက်စက်ယုတ်မာမှုကြီး ဖြစ်ပါတယ်။ ဒီအကြမ်းဖက် အဖျက်လုပ်ရပ်အတွက် ကျွန်တော်တို့ပြည်သူတိုင်းက အဲဒီအကြမ်းဖက် အဖျက်သမားတွေကို အလွန်ပဲ စက်ဆုပ်ရွံရှာနေကြပါတယ်။ တစ်ဖက်က ထိခိုက်သေကျေဒဏ်ရာရရှိခဲ့ကြတဲ့ အပြစ်မဲ့ပြည်သူတွေအတွက် ရင်နာကြေကွဲမိသလို အခြားတစ်ဖက်ကလည်း အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်တဲ့ အဖျက်သမား လူရမ်းကားတစ်စုကို နပ်နပ်စဉ်းပစ်ချင်လောက်အောင် မုန်းတီးရွံရှာမိတာ အမှန်ပါပဲ။

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်း X_2O ရေကစားမဏ္ဍပ်ရှေ့၌ ဗုံးသုံးလုံးပေါက်ကွဲ

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ X_2O ရေကစားမဏ္ဍပ်ရှေ့၌ ယနေ့မွန်းလွဲ ၃နာရီခန့်တွင် ဗုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

ကူညီဆောင်ရွက်

ဒဏ်ရာရ လူနာများအား တာဝန်ရှိသူများက ဆေးရုံသို့ ပို့ဆောင်ရန် ကူညီဆောင်ရွက်နေကြစဉ်။

(သတင်းစဉ်)

သေဆုံး

ဗုံးပေါက်ကွဲမှုကြောင့် ရေကစားမဏ္ဍပ်၌ အေးချမ်းပျော်ရွှင်စွာ ရေကစားနေကြသည့် အပြစ်မဲ့ပြည်သူ အမျိုးသားငါးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦး သေဆုံးပြီး အမျိုးသား ၁၂၅ဦး၊ အမျိုးသမီး ၄၅ဦး စုစုပေါင်း ၁၇၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၃ ကော်လံ ၁

ဗီယက်နမ်နိုင်ငံ Dong Luc Group အားကစားကုမ္ပဏီမှ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဘောလုံးအလုံး ၁၀၀နှင့် အားကစားဂျာစီအင်္ကျီ ၂၅ ထည် လာရောက်လှူဒါန်း

ရန်ကုန် ဧပြီ ၁၅

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်သည့်အနေဖြင့်လည်းကောင်း မြန်မာ့ဘောလုံးတိုးတက် ဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုများကို ချီးကျူး အသိအမှတ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ၏ အားကစားထုတ်ကုန်များကို မြန်မာ့ဘောလုံးအသိုင်းအဝိုင်းသို့ မိတ်ဆက်တင်ပြလိုသည့်အနေဖြင့်လည်းကောင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံရှိ Dong Luc Group မှ တာဝန်ရှိသူများ သည် ဧပြီ ၆ ရက် မွန်းတည့် ၁၂နာရီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးသို့ လာရောက်၍ FIFA အသိအမှတ်ပြု အဆင့်မီဘောလုံး အလုံး ၁၀၀ နှင့် ဂျာစီအင်္ကျီ ၂၅ စုံကို ပေးအပ်လှူဒါန်းခဲ့သည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ လှူဒါန်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ နိုင်ငံစစ်သံရုံးမှ စစ်သံမှူး Senior Col. Ngyuyen Van Vui နှင့်ဒုတိယစစ်သံမှူး၊ ဗီယက်နမ် Dong Luc Groupမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ C.E.O ဦးသန်းဇော်နှင့်ဌာနခွဲ တာဝန်ခံများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Dong Luc Group ကိုယ်စား ဗီယက်နမ်စစ်သံမှူး ကအားကစားပစ္စည်းများ လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး Dong Luc Groupမှ တာဝန်ရှိသူ တစ်ဦးက ဘောလုံးအလုံး ၁၀၀ နှင့် ဂျာစီအင်္ကျီ ၂၅ စုံပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုယ်စား C.E.O ဦးသန်းဇော်က လက်ခံယူပြီး ကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။

ဆက်လက်ပံ့ပိုးမည်

ဗီယက်နမ်နိုင်ငံအခြေစိုက် Dong Luc Group အားကစား ကုမ္ပဏီသည် FIFA အသိအမှတ်ပြုအဆင့်ရှိ ဘောလုံးများ အပါအဝင် အခြားအဆင့်မီအားကစားပစ္စည်းများနှင့် အားကစား ဂျာစီအမျိုးမျိုးကိုလည်း အာဆီယံဒေသတွင်းနိုင်ငံများနှင့် အခြား နိုင်ငံအချို့သို့ တင်ပို့ဖြန့်ဖြူး ရောင်းချလျက်ရှိသော ကုမ္ပဏီဖြစ် ပြီး နောက်ပိုင်းတွင်လည်း မြန်မာ့ဘောလုံးကို အထောက်အပံ့ ဖြစ်စေမည့် အားကစားပစ္စည်းများကို ဆက်လက်ပံ့ပိုးလှူဒါန်း သွားရန် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

စာမျက်နှာ ၁၂မှ

နှိုးဆော်ထား

အဖျက်အမှောင့်သမားများသည် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်၌ ပြည်သူများ ပျော်ရွှင်စွာရေကစားနေကြစဉ် ယခုကဲ့သို့ ဗုံးခွဲမှုပြုလုပ်ခဲ့ကြခြင်းမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖျက်လိုဖျက်ဆီးလုပ်ပြီး အများပြည်သူအား စော်ကားခြင်းဖြစ်သဖြင့် ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ သတင်းကြားသိသူ ပြည်သူများက မြန်မာတစ်မျိုးသားလုံး တန်ဖိုးထားပျော်ရွှင်ကြသည့် ရိုးရာသင်္ကြန်ကာလတွင် ယခုကဲ့သို့ ဖောက်ခွဲမှုပြုလုပ်ခြင်းကို အထူးစက်ဆုပ် ရွံရှာမုန်းတီးလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ အဖျက်အမှောင့်သမားများအား ဖမ်းဆီးရမိရေး တာဝန်ရှိသူများက ကြိုးပမ်းရှာဖွေဖော်ထုတ်လျက်ရှိကြောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးအပါအဝင် ဒေသအသီးသီး၌ မဟာသင်္ကြန်ဆင်နွှဲနေကြသော ပြည်သူများအနေဖြင့် လုံခြုံရေးအထူးသတိရှိကြရန်နှင့် အဖျက်အမှောင့်သမားများသည် ပြည်သူများအကြားတွင် အသွင်အမျိုးမျိုးယူ၍ ခိုအောင်းပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်နေကြခြင်းဖြစ်သဖြင့် ၎င်းတို့အား ဖော်ထုတ်၍လည်းကောင်း၊ သတင်းများ ရရှိပါကလည်းကောင်း သက်ဆိုင်ရာသို့ တယ်လီဖုန်းအပါအဝင် နည်းလမ်းမျိုးစုံဖြင့် အချိန်မီသတင်းပေးပို့ကာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမ်းမြို့နယ် တပ်တောင်-ရှူး-တမန်းတူး ကျေးရွာချင်းဆက်လမ်းဖွင့် ကျေးရွာ ၂၀ မှ ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်

နေပြည်တော် ဧပြီ ၁၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၀ရက် နံနက်ပိုင်းက အမ်းမြို့နယ်၌ ကျင်းပသည့် တပ်တောင်-ရှူး-တမန်းတူး လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြ သည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က တပ်တောင်-ရှူး-တမန်းတူးလမ်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာ စကားပြောကြားကြသည်။

ထို့နောက် လမ်းဖောက်လုပ်ရေး တာဝန်ခံအင်ဂျင်နီယာ ဦးသက်တင်ထွဋ်က တပ်တောင်-ရှူး-တမန်းတူးလမ်းဖောက်လုပ်ခြင်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးခင်မောင်ရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး (လေယာဉ်ကွင်းပုံထုတ်) ဦးကျော်စိုး၊ အမ်းမြို့နယ် ဥက္ကဋ္ဌ ဦးတင်ဌေးနှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမိုးဝင်းတို့က တပ်တောင်-ရှူး-တမန်းတူးလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တပ်တောင်-ရှူး-တမန်းတူး ကျေးရွာများမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေဘုတ်ကျေးရွာအုပ်စု၊ သာစည်ကျေးရွာအုပ်စု၊ လုတ်ကျေးရွာ၊ စနဲကုန်းကျေးရွာနှင့် ရှူးစံပြကျေးရွာချင်းဆက်လမ်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာများမှ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ချောမွေ့စွာ

အမ်းမြို့နယ် တပ်တောင်-ရှူး-တမန်းတူးလမ်းကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီတို့က ဖောက်လုပ်ခဲ့ပြီး လမ်းအရှည် ၂၆မိုင် ၄ဖာလုံနှင့် အကျယ် ၁၄ပေရှိ မြေသားလမ်း အမျိုးအစားဖြစ်သည်။ တပ်တောင်-ရှူး-တမန်းတူး ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နိုင်သောကြောင့် ကျေးရွာပေါင်း ၂၀မှ ဒေသခံပြည်သူများ အဆင်ပြေ ချောမွေ့စွာ ကူးသန်းသွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရှင်ပင်ဘုန်းပွင့်လမ်းထောင့် (Box Culvert) ၌ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးကြည်တို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ X_2O ရေကစားမဏ္ဍပ်ရှေ့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် တာဝန်ရှိသူများက ရှာဖွေရှင်းလင်းနေကြစဉ်။ (သတင်းစဉ်)

ဒဏ်ရာရ လူနာများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်နေကြစဉ်။ (သတင်းစဉ်)

16-4 (13).pmd 1 4/16/2010, 2:08 AM

တိုးတက်ပြောင်းလဲလာသော ဝိုင်းမော်မြို့ လမ်းပန်းဆက်သွယ်ရေး

❖ သတင်းခရီးသည် - မြင့်မောင်စိုး ❖ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း) ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင်(မြန်မာ့အလင်း)

မြစ်ကြီးနား ဧပြီ ၁၅

နိုင်ငံတော်အစိုးရက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် ဆောင်ရွက်နေသည်နှင့်အမျှ နယ်စပ်ဒေသနေပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ကချင်ပြည်နယ်သည် တစ်ချိန်က နယ်မြေအေးချမ်းသာယာမှု မရှိသဖြင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲကာ တိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည်။ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစစ အရာရာနှောင့်နှေးခဲ့ရသည်။ ထိုအကျပ်အတည်း အခက်အခဲတို့သည်ကား ယခုအခါ လွန်မြောက်ခဲ့ပြီဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးမှာ အံ့မခန်း တိုးတက်ပြောင်းလဲခဲ့လေပြီ။

ဖောက်လုပ်

တပ်မတော်အစိုးရ လက်ထက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအထူး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ ယခင်က သွားလာရန် ခက်ခဲသော ဒေသများ၌ ရာသီမရွေး သွားလမ်းသစ်များ ဖောက်လုပ်ပေးသည်။ လမ်းဟောင်းများကိုလည်း ပြုပြင်ပေးသည်။ ရှိပြီးမြေသားလမ်းများကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးသကဲ့သို့ ကျောက်ချောလမ်းအချို့အားလည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ၂၀၀၉ခုနှစ် ကုန်ပိုင်းက ကချင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားတင်ပြနိုင်ရန် မြစ်ကြီးနားသို့ ရောက်ရှိခဲ့ရာ မြစ်ကြီးနား-ဝိုင်းမော်-ချီဖွေကားလမ်း အခြေအနေ တိုးတက် ပြောင်းလဲလာမှုကို သတိထားမိသည်။ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များသည် မဝေးလှ။ ဧရာဝတီမြစ်ကြီးသာ ပိုင်းခြားနေသည်။ သို့သော် ဗလမင်းထင်တံတား (မြစ်ကြီးနား) တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ဝိုင်းမော်နှင့်မြစ်ကြီးနား အိမ်ဦး ကြမ်းပြင် လွယ်လင့်တကူသွားလာနိုင်ခဲ့ပြီဖြစ်သည်။

ကချင်ပြည်နယ် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီ ကားလမ်းကို ဤသို့ တွေ့ရသည်။

ဝိုင်းမော်-ဗန်းမော်ကားလမ်းကို ဤသို့ ညီညာပြန့်ပြူးစွာ တွေ့ရသည်။

မြို့တွင်းလမ်းများ

ဝိုင်းမော်မြို့မှ ချီဖွေအထိ မိုင် ၈၀ဝေးသည်။ ဝိုင်းမော်မြို့၏ မြို့တွင်းလမ်းများကို နယ်စပ်စည်ပင်မှ တာဝန်ယူဆောင်ရွက်ပေးထားသကဲ့သို့ မြို့ပြင်လမ်းများကို ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူတည်ဆောက်ပေးခဲ့ကြောင်း သိရသည်။ ဝိုင်းမော်-ဆဒုံး - ကန်ပိုက်တီလမ်းအပိုင်းကို ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူ ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

“တစ်ချိန်က ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီလမ်းဟာ ကျောက်ခင်းလမ်းသာ ဖြစ်ပါတယ်။ သွားလာဖို့ ခက်ခဲပါတယ်။ တပ်မတော်အစိုးရလက်ထက် ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့တာကြောင့် သွားလာရေး အဆင်ပြေနေပါပြီ”ဟု ဝိုင်းမော်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘော့မ်ယိန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

လမ်းပန်းဆက်သွယ်ရေး

အဆိုပါ ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီလမ်းမှ ချီဖွေအထိ ခရီးဆက်နိုင်သလို တရုတ်နယ်စပ်သို့လည်း သွားရောက်နိုင်မည်ဖြစ်သည်။ ဤလမ်းအတိုင်း ယခုအခါ ပြည်သူများ ဆိုင်ကယ်နှင့်တစ်ဖုံ၊ ကားနှင့်တစ်သွယ် ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်လျက် ဥဒဟို ခရီးသွားလာနေကြပြီဖြစ်သည်။ ဤသည်မှာ တပ်မတော်အစိုးရလက်ထက် တိုးတက် ပြောင်းလဲလာသော ကချင်ပြည်နယ် နယ်စပ်ဒေသ၏ လမ်းပန်းဆက်သွယ်ရေး မြင်ကွင်းများပင်ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ပညာပေးနှိုးဆော်ချက် အမှတ်-၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် နိုင်ငံတော်အတွင်းရှိ ငါးမွေးမြူခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျစီမံခန့်ခွဲခြင်း၊ မျိုးထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်လာစေရန်အားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ ပြည်တွင်းသို့တင်သွင်းလာသည့် အာဖရိကငါးခူ (CLarias gariepinus) များသည် ၎င်းတို့၏ အသားစားကြူးသော အလေ့အထကြောင့် သဘာဝသယံဇာတများကို ပျက်စီးစေပြီး ဒေသခံငါးမျိုးများကိုပြုန်းတီးစေကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် အဆိုပါ အာဖရိကငါးခူများကို ပြည်ပမှပြည်တွင်းသို့ တင်သွင်းခွင့်မပြုကြောင်းနှင့် ပြည်တွင်းတွင် လက်ရှိသားဖောက်ထုတ်လုပ်နေသည့် အာဖရိကငါးခူများကို ဆက်လက် သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းစသည်တို့ကို မပြုလုပ်ကြရန် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၁) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါတားမြစ်ချက်များကို ဖောက်ဖျက်၍ ငါးလုပ်ငန်းလုပ်ကိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း သတိပေးထားရှိသည်။

သို့ဖြစ်၍ ဤအမိန့်ကြော်ငြာစာပါ သတိပေးတားမြစ်ချက်များကို လိုက်နာကျင့်သုံးကြရန်နှင့် အာဖရိကငါးခူများအား သားဖောက်ထုတ်လုပ်ဖြန့်ဖြူးခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

အရုဏ်ဦးစာကြည့်တိုက် တောင်ငူမြို့နယ် ကံလှကျေးရွာ၌ဖွင့် တီဗွီ၊ စလောင်းနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

တောင်ငူ ဧပြီ ၁၀

တောင်ငူမြို့နယ် ဆင်ဆိပ်ကျေးရွာအုပ်စု ကံလှကျေးရွာအရုဏ်ဦး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် တီဗွီ၊ စလောင်း၊ စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၈ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြို့နယ်အတွင်းရေးမှူးတို့က အမှာစကား ပြောကြားပြီး ပဲခူးတိုင်း (အရှေ့ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အရုဏ်ဦးစာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းက အလှူငွေကျပ် ၁၀သိန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက တီဗွီနှင့်စလောင်း၊ ခရိုင် ဦးစီးမှူးက သုတရသစုံစာအုပ် ၃၀၀၊ ဦးသာအေးက ကျေးရွာမှ မတည်ငွေကျပ် သိန်း ၂၀တို့အား ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးချစ်စိန်က လက်ခံယူပြီး ကျေးရွာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးသိန်းနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ အရုဏ်ဦး စာကြည့်တိုက်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမင်း၊ ရပ်မိရပ်ဖ ဦးမြင့်လွင်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့်အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် အကဲဖြတ်ခြင်း ဆွေးနွေးပွဲ စဉ့်ကိုင်တွင်ကျင်းပ

စဉ့်ကိုင် ဧပြီ ၁၂

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဦးစီး၍ F.A.O နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မန္တလေးဒေသအတွင်း အပြင်းစား ကြက်ငှက် တုပ်ကွေးရောဂါအန္တရာယ် အကဲဖြတ်ခြင်း ဆွေးနွေးပွဲအခမ်းအနားကို မတ်၂၉ရက် နံနက် ၁၀နာရီက မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ စဉ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်ဝင်းနိုင်၊ မန္တလေး F.A.O မွေးမြူရေးအဖွဲ့ချုပ် ဗဟိုအတွင်းရေးမှူး ဒေါက်တာခင်လှိုင်၊ ကျောက်ဆည်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါက်တာထွေးမြင့်၊ စဉ့်ကိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ဒေါ်အေးကြည်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးဇော်ဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောက်ဆည်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါက်တာထွေးမြင့်က အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ်အကဲဖြတ်ခြင်း ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး မန္တလေး F.A.O မွေးမြူရေးအဖွဲ့ချုပ် ဗဟိုအတွင်းရေးမှူး ဒေါက်တာခင်လှိုင်က အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် အကဲဖြတ်ခြင်း အသေးစိတ်ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

အာဟာရပြည့်ဝစွာ ချက်ပြုတ်စားသုံးတတ်ရေး အသိပညာပေးဟောပြောပွဲ ဆီဆိုင်၌ကျင်းပ

ဆီဆိုင် ဧပြီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဦးစီးကျင်းပသည့် ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝစွာ ချက်ပြုတ်စားသုံးတတ်စေရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဆီဆိုင်မြို့မ မင်္ဂလာရပ်ကွက်၌ မတ် ၁၂ရက်က ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် ကိုယ်ဝန်ဆောင်မိခင် ၅၀ကျော်တို့အား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြမြ**(အပေါ်ပုံ)**က မိမိတို့ မွေးဖွားသန့်စင်ပေးကြရမည့် အနာဂတ်သားကောင်းရတနာ ရင်သွေးငယ်များ အာဟာရပြည့်ဝစွာဖြင့် မလိုလားအပ်သော ကိုယ်အင်္ဂါချို့တဲ့မှုများနှင့် ရောဂါဝေဒနာများကင်းရှင်းစွာမွေးဖွား သန့်စင်မှုပေးနိုင်ရန်အတွက် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသည့် စကားနှင့်အညီ စားတတ် လျှင်ဆေး၊ မစားတတ်လျှင်ဘေး မဖြစ်စေရန် ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်ချက်ပြုတ် စားသုံးမှုနှင့် ပတ်သက်၍ ရှောင်ရန်၊ ဆောင်ရန်အချက်များကို ပညာပေးဟောပြောသည်။

(၀၁၅)

ပျက်စီးသီးနှံများအတွက် မင်းဘူး၌ ပေးအပ်

မကွေး ဧပြီ ၁၄

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E&P Pte Ltd. မှ 2D SEISMIC SURVEY ဆောင်ရွက်မှုအတွက် သီးနှံဖိုးငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၄ရက် မင်းဘူး(စကု)မြို့နယ် ကံကုလားကျေးရွာ၌ ကျင်းပရာ MOGE (မန်းရေနံမြေ)မှ အထွေထွေမန်နေဂျာ ဦးမြစိန်၊ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်လှိုင်၊ မြို့နယ်အတွင်းရေးမှူး ဦးအောင်စိုးထွန်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးညိုကြီး၊ MPRL E&P Pte Ltd. မှ တာဝန်ရှိသူများ၊ ကံကုလားကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးသိန်းစိုးမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ MOGE (မန်းရေနံမြေ)မှ အထွေထွေမန်နေဂျာ ဦးမြစိန်က မန်းရေနံမြေသမိုင်းကြောင်းနှင့် သီးနှံများအတွက် ငွေပေးအပ်ရခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်လှိုင်က နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းကြီးများ အကြောင်းကို ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ မင်းဘူး(စကု)မြို့နယ် ကံကုလားကျေးရွာနှင့် ကံသစ်ကျေးရွာမှ သီးနှံပျက်စီးမှု လျော်ကြေးငွေရရှိသော တောင်သူ ၅၆ဦးအား MPRL E&P Pte Ltd. ကိုယ်စား MOGE (မန်းရေနံမြေ)မှ အထွေထွေမန်နေဂျာ ဦးမြစိန်**(အောက်ပုံ)**၊ မင်းဘူးခရိုင်အတွင်းရေးမှူး ဦးတင်လှိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။ ထို့နောက် တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

(SEISMIC) လိုင်းဖြတ်သန်းမည့် မကွေး၊ မင်းဘူးနှင့် ပွင့်ဖြူမြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၆၅ရွာရှိရာ 2D SEISMIC ရိုက်ယူ ဆောင်ရွက်သော ကီလိုမီတာပေါင်း ၃၁၀ဒသမ ၂၀အတွက် ပေးအပ်ငွေ ကျပ်သိန်း ၉၀ခန့် ဖြစ်ကြောင်း သိရသည်။

(၀၇၂)

ပီဗွီစီပိုက်လိုင်း သွယ်တန်း

ကန့်ဘလူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကန့်ဘလူမြို့ တိုးချဲ့ရေပေးရေးအတွက် ရှစ်လက်မ ပီဗွီစီပိုက်လိုင်း သွယ်တန်းမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အလင်းရောင်စာကြည့်တိုက် ဆင်ဘို၌ဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ဆင်ဘို ဧပြီ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့နယ်တွင် တောပင်လုံကျေးရွာ အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင် လှူဒါန်းပွဲ အခမ်းအနားကို မတ် ၉ရက် နံနက်က အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါ အခမ်းအနားသို့ ဆင်ဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်၊ မြစ်ကြီးနား ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်နှင့် တောပင်လုံကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

လှူဒါန်း

ထို့နောက် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်၊ ဌာနဆိုင်ရာများနှင့် ကျေးရွာ၊ အလှူရှင်များက စာကြည့်တိုက်အတွက် ငွေပဒေသာပင် ကျပ် တစ်သိန်း၊ ၂၁လက်မ တီဗွီ တစ်လုံးတို့ကို ပေးအပ်လှူဒါန်းပြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် စေတနာရှင် အလှူရှင်များက စာအုပ်စာစောင် ၁၆၀ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြတ်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

လက်မှုအနုပညာ

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ မတ် ၉ရက်က ဒွန်ဘန်အိမ်တွင်းမှုသင်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းက သင်တန်းသူများ၏ လက်မှုအနုပညာပစ္စည်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိုင်းကိုင်မြို့နယ် လွယ်ပူတောက်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မိုင်းကိုင် ဧပြီ ၈

လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် လွယ်ပူတောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာပေဒါနလှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

လွယ်ပူတောက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး အောင်သက်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးနန္ဒတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လက်ခံရရှိ

စာပေဒါနလှူဒါန်းပွဲ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောပြီး စေတနာရှင်အလှူရှင်များက လှူဒါန်းသော သုတရသ စာအုပ် ၄၅၀၊ တိုင်ကပ်နာရီ တစ်လုံး၊ စာအုပ်ဗီဒိုတစ်လုံး၊ ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေကျပ် ၆၀၀၀၀နှင့်၁စသိန်းတန် အုပ်ကာ၊ သွပ်မိုး စာကြည့်တိုက်အဆောက်အအုံနှင့် ပန်းခြံတို့ကို လက်ခံယူသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

လားရှိုးခရိုင် တန့်ယန်းမြို့နယ်၌ လုံမုံကျေးရွာ ပညာ့အလင်းစာကြည့်တိုက်ဖွင့်

တန့်ယန်း ဧပြီ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့နယ် လုံမုံကျေးရွာ ပညာ့အလင်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၅ရက်က အဆိုပါ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညီညီလတ်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်၊ လုံမုံကျေးရွာဥက္ကဋ္ဌ ဦးစိုင်းခမ်းပန်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညီညီလတ်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးသည်။

လက်ခံယူ

ယင်းနောက် နိုင်ငံတော်၏ မတည်ငွေကျပ် ၁၀သိန်းကို ခရိုင်ဦးစီးအရာရှိက ပေးအပ်ရာ လုံမုံကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့်စာအုပ်၊ စာစောင်တို့ကို ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်စေတနာရှင်ပြည်သူများကပေးအပ်ရာ စုစုပေါင်း ငွေပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းငါးသောင်းနှင့် သုတရသ၊ ဝတ္ထု၊ မဂ္ဂဇင်းနှင့် စာအုပ် စာစောင် ၆၀၀တို့ကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုင်းခမ်းပန်က လက်ခံယူသည်။

(မြို့နယ် ပြန်/ ဆက်)

16-4 (16).pmd 1 4/16/2010, 2:08 AM

တာချီလိတ်၌ ကုန်သွယ်မှုမြှင့်တင်ရေး စည်းဝေး

တာချီလိတ် ဧပြီ ၁၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို မတ်၃၁ရက် နံနက်၉နာရီက တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးတင်ထူးမောင်နှင့် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း (စခန်းတာဝန်ခံ) ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က အမှာစကားပြောကြားကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။ (အပေါ်ပုံ)

ဆွေးနွေး

ဆက်လက်၍ တာချီလိတ်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် ကုန်သည်များက ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အားသာချက်၊ အားနည်းချက်များကို တင်ပြဆွေးနွေးရာ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ (၀၁၆)

ဂန့်ဂေါမြို့၌ မဟာအတာသင်္ကြန် မဏ္ဍပ်ဖွင့်ပွဲကျင်းပ

ဂန့်ဂေါ ဧပြီ ၁၅

၁၃၇၁-၇၂ ခုနှစ် မဟာအတာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ရက် ညနေ ၆နာရီက ဂန့်ဂေါမြို့ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကြိုဆို

ထို့နောက် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့ဝင်များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုဖျော်ဖြေကပြ၍ နှစ်သစ်ကိုကြိုဆိုကြသည်။

အဆိုပါပြိုင်ပွဲတွင် ဂန့်ဂေါမြို့ ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့ ၁၈ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြသည်။ (၀၇၁)

မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက်၈၀နှင့်အထက် သက်ကြီးအဖွဲ့ဝင်များနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ကြရသော မသန်စွမ်းအဖွဲ့ဝင်များအား ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ပွဲကို မတ် ၁၉ရက်က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းလွင်က စေတနာရှင်များလှူဒါန်းသော လှူဒါန်းငွေများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးအဖွဲ့ဝင်၂၉ဦးနှင့် မသန်စွမ်းအဖွဲ့ဝင် ၉၆ဦးတို့အား ထောက်ပံ့ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် ချောင်းဆုံမြို့နယ် စော်ကဲကျေးရွာ၌ဖွင့်လှစ်

ချောင်းဆုံ ဧပြီ ၁၄

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စော်ကဲကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ဆက်လက်၍ မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးညီညီခိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းဝင်းကျော်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် စုပေါင်းအလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသောင်းစိုက်ထူခြင်းနှင့် စာအုပ် ၃၀၀ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်း ထွေထွေ

ငပုတော၌ ပညာအမွေစာကြည့်တိုက်ဖွင့် စာအုပ်စာစောင်များတိုးပွားရေး ဆောင်ရွက်

ငပုတော ဧပြီ ၁၀

ပုသိမ်ခရိုင် ငပုတောမြို့နယ် တောင်ကလေးကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူတို့၏ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့သည့် ပညာအမွေစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ရက် နံနက် ၁၀နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ယု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ဇော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြတ်ယုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်နန့်ဆွေနွယ်ဦးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ရှိန်မြှင့်မားရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ ရန်ပုံငွေရရှိအောင် ဆောင်ရွက်ရေးကိစ္စများကို အကျယ်တဝင့် ဆွေးနွေးမှာကြားပြီး စာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် သုတ၊ရသမျိုးစုံ အုပ်၁၅၀ ပေးအပ်လှူဒါန်းသည်။ (မြို့နယ် ပြန်/ဆက်)

တိုက်ကြီး၌ ရောင်နီသစ်စာကြည့်တိုက်ဖွင့် သုတ၊ရသစာအုပ်စာစောင်နှင့် ရေဒီယို ပေးအပ်လှူဒါန်း

တိုက်ကြီး ဧပြီ ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် သဲဖြူကျေးရွာအုပ်စု လက်ထုတ်ကုန်းကျေးရွာတွင် ရောင်နီသစ်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ရက် နံနက် ၁၀နာရီက စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သီဟ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်အောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

လက်ခံယူ

ထို့နောက် ဗိုလ်မှူးကြီးအောင်သီဟ၊ ရပ်မိရပ်ဖ ဦးဟန်စိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်အောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က သုတ၊ ရသစာအုပ်စာစောင်များနှင့် ရေဒီယိုတစ်လုံးကို ပေးအပ်လှူဒါန်းကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသောင်းထွေးက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

အတိုးဦးအေးရွှေ (မိဘဂုဏ်ဘိုးဘွားရိပ်သာ)က ဆေးနှင့်အာဟာရ ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌဦးကျော်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၅)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အမှုဆောင်အရာရှိ ဦးမျိုးအောင် ဦးဆောင်၍ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် သရုပ်ပြလေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

မင်းကင်း၌ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး စာအုပ်လှူဒါန်း

မင်းကင်း ဧပြီ ၁၀

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် လင်းလုကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ရက် နံနက် ၁၁နာရီတွင် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလတ်က လင်းရောင်ခြည်စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်နှင့် ဂျာနယ်အစောင် ၅၀၊ ဌာနဆိုင်ရာများက ဂျာနယ်အစောင် ၅၀ စုစုပေါင်း ဂျာနယ်အစောင် ၁၀၀ လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နွှဲလိုက်ကြသည့် အတာရေသဘင်

- ➤ ဓါသကြိုန်ဆောင်းပါး - မောင်မောင်မြင့်ဆွေ
- ➤ ဓာတ်ပုံလက်ရာ - သတင်းထောက် လေးနွယ်(မင်္ဂလာဒုံ)
- ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၁၅

နေပြည်တော် မဟာသင်္ကြန်အကြတ်နေ့။

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ အမျိုးသား အထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်)သင်္ကြန်မဏ္ဍပ်၊ နေပြည်တော်ဟိုတယ်ဇုန်မဏ္ဍပ်များနှင့် နေပြည်တော်တပ်ကုန်း ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ပျော်တို့ဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်····။

ပျော်ရွှင်ကခုန်

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ သတင်းအဖွဲ့ရောက်ချိန်တွင် သင်္ကြန်ရေပက်ခံကားများ၊ လမ်းလျှောက်ကာ ရေပက်ခံထွက်သူများဖြင့် စည်ကားများပြားနေပေပြီ။ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်)အတွင်း ပြည်နယ်နှင့်တိုင်းများအလိုက် သင်္ကြန်ရေကစားမဏ္ဍပ်များ ဆောက်လုပ်ကာ ပျော်ရွှင်စွာ ရေပက်ကစားနေကြသည်ကို တွေ့ရသည်။ မန္တလေးတိုင်း မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ တေးသီချင်းများဖွင့်ကာ ပျော်ရွှင်ကခုန်ပြီး *စာမျက်နှာ ၆ ကော်လံ ၁* ●

ထူးခြားသည့် နေ့အပူချိန် ၁၅-၄-၂၀၁၀

- ➤ ချောက်မြို့ ၄၄ ဒီဂရီစင်တီဂရိတ်
- ➤ မင်းဘူးမြို့ ၄၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
- ➤ မုံရွာမြို့ ၄၃ ဒီဂရီစင်တီဂရိတ်
- ➤ မန္တလေးမြို့ ၄၃ ဒီဂရီစင်တီဂရိတ်
- ➤ အောင်လံမြို့ ၄၃ ဒီဂရီစင်တီဂရိတ်

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ရှိ မန္တလေးတိုင်း ရေကစားမဏ္ဍပ်၌ ရေပက်နေသူများ၊ ရေပက်ခံသူများဖြင့် ဤသို့ စည်ကားစွာ တွေ့ရသည်။

မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ